# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၈)


## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

**နေပြည်တော် နိုဝင်ဘာ ၇**

မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းသည် ၁၉၅၄ခုနှစ် ဇွန်လ ၃ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာလာဝမ်ခရိုင်၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၆၁ခုနှစ်မှ ၁၉၇၄ခုနှစ်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာလာဝမ်ခရိုင်နှင့် ကျမ်ပါဆပ်ခရိုင်တို့၌ စတင်၍ ကျောင်းပညာသင်ကြားခဲ့ပါသည်။ ၎င်းသည် ၁၉၉၀ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ကို ယခင်ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့ရှိ ကွန်မြူနစ်ပါတီတက္ကသိုလ်မှ ရရှိခဲ့ပါသည်။

၎င်းသည် ၁၉၇၄ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ကျမ်ပါဆပ်ခရိုင်ဝန်ကြီးအဖွဲ့တွင်လည်းကောင်း၊ ၁၉၈၁ခုနှစ်မှ ၁၉၉၄ခုနှစ်အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ၏ဝန်ကြီးအဖွဲ့တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၄ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ၎င်းသည် ဝန်ကြီးချုပ်ရုံးတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၆ခုနှစ်မှ ၂၀၀၁ခုနှစ်အထိ ၎င်းသည် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပါတီဗဟိုကော်မတီ ဝန်ကြီးအဖွဲ့၏ အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၎င်းသည် ၂၀၀၁ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ လာအိုပြည်သူ့တော်လှန်ရေးပါတီ ပေါ်လစ်ဗျူရို၏အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ထိုမှတစ်ဆင့် ပေါ်လစ်ဗျူရို၏အမြဲတမ်းအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။



**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်း။**

၂၀၀၃ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ၎င်းသည် လာအိုပြည်သူ့တော်လှန်ရေးပါတီ ပေါ်လစ်ဗျူရိုအမြဲတမ်းအဖွဲ့ဝင်နှင့် အမြဲတမ်းဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၆ခုနှစ် ဇွန်လမှစတင်၍ ခန့်အပ်ခြင်းခံခဲ့ရပါသည်။

မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းသည် မဒမ်ဆမ်လီနှင့် အိမ်ထောင်ပြုခဲ့ပြီး ၎င်းတို့ဇနီးမောင်နှံတွင် သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။

**(သတင်းစဉ်)**

## အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ၏

ဆုံးမသြဝါဒ (၂)

### ပြာဖုံးမီးခဲ လောင်မခဲ

ညှစ်ခါစနို့သည် မချဉ်မသိုး
အခိုးမထွက်သကဲ့သို့
မကောင်းမှုသည် ပြုခါစ၌ အခိုးမလွှတ်တတ်၊
ပြာဖုံးသော မီးကျီးခဲကဲ့သို့
လူမိုက်ကို တငွေ့ငွေ့လောင်ကျွမ်းလျက်ရှိရာ၏။ ။

**ဓမ္မပဒ၊ တလဝဂ်**
**(သာသနာရေး)**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်ကအားထားရသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာရေး ဆရာ ဆရာမများက စေတနာပါပါဖြင့် တက်ညီလက်ညီ ပြုစုပျိုးထောင် အမိမြန်မာနိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၆

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၆ခုနှစ် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ဆုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးမြထွတ်က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသားကျောင်းသူများအား ထူးချွန်စွာ အောင်မြင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ပြည်နယ်၏ ပညာရည်မြင့်မားရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မသဉ္ဇာထွန်းနှင့် ငါးဘာသာဂုဏ်ထူးရှင် ၁၃ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူ ၁၁ဦးနှင့် သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသားကျောင်းသူ ကိုးဦးတို့အား တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူကိုးဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းမှ ထူးချွန်ကျောင်းသား မောင်အိုက်နိုင်တို့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆုများ ပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မသဉ္ဇာထွန်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

# ပိုမိုနက်ရှိုင်းစွာ တိုးတက်လျက်ရှိသည့် မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်လျက်ရှိပြီး သမိုင်းစဉ်တစ်လျှောက်တွင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုဖြင့် ခင်မင်ရင်းနှီးစွာဆက်ဆံလာခဲ့ကြသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံများဖြစ်ကြသည်။

သမိုင်းအစဉ်အဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် အပြန်အလှန်သွားလာလည်ပတ်ခဲ့ကြပြီး ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလာခဲ့ကြသည်။ ချစ်ကြည်မှု စဉ်ဆက်မပြတ်တိုးတက်နေသကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွင်လည်း များစွာတိုးတက်လာလျက် ရှိသည်။

ယခုနှစ်မေလအတွင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစာချုပ်ကို နှစ်ဦးနှစ်ဖက် ချုပ်ဆိုနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးအစားထိုးလုပ်ငန်း အထောက်အကူအဖြစ် တရုတ်နိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ကို မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာပြည်သူများအပေါ်ထားရှိသည့် သံယောဇဉ်ကို ဖော်ပြသည့်အနေဖြင့် မဲခေါင်မြစ်ဝှမ်းဒေသဆက်သွယ်ရေး အမြန်ဆက်ကြောင်းလမ်း တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံက အတိုးနှုန်းသက်သာသောချေးငွေ ယွမ်သန်း ၃၀၀ ကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက် ဆုံးဖြတ်သတ်မှတ်မည့်ကိစ္စများတွင် အသုံးပြုရန် အတိုးမဲ့ချေးငွေယွမ် သန်း၅၀ကို လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် စီးပွားရေးအကူအညီများသာမက နိုင်ငံတကာနယ်ပယ်၌ပါ ကူညီမှုများပေးနေသည်။ အထူးသဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင်ထည့်သွင်းရန် ကြိုးပမ်းရာ၌ တရုတ်နိုင်ငံက ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ အိမ်နီးချင်းကောင်းမိတ်ဆွေပီသစွာ ခိုင်ခိုင်မာမာ ရပ်တည်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အစဉ်တစိုက် လက်ခံကျင့်သုံးလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒမှာ တစ်သမတ်တည်းဖြစ်ပြီး အပြောင်းအလဲမရှိ ဆက်ဆံလျက်ရှိပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှ အခြေပြုခဲ့သည့် ချစ်ကြည်ရင်းနှီးမှုမှသည် နှစ်နိုင်ငံကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အပြန်အလှန် ကူညီရေးစသော နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုနက်ရှိုင်းစွာ တိုးတက်လျက်ရှိပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ဂုဏ်ပြု ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းသစ်များ ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောက်တိုဘာ ၃၀ရက် နံနက် ၇ နာရီခွဲကကျင်းပသည့် ရန်ကုန်တိုင်း လှည်းကူးမြို့ ပြည်တော်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်သည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်လမ်းသစ်အား လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးတင်မောင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာအရှည်ပေ ၁၇၈၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ထောက်ပံ့ငွေဖြင့် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်–မန္တလေးသွား ကားလမ်းမကြီးသို့ ဆက်သွယ်သည့်လမ်းဖြစ်သည်။

### တပင်ရွှေထီး ကတ္တရာလမ်း

ဆက်လက်၍ ဝန်ကြီးသည် ပဲခူးတိုင်း ပဲခူးမြို့ တပင်ရွှေထီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းလင်း တင်ပြသည်။

ထို့နောက်လမ်းသစ်ကို ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးညီညီမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ ရုံးကြီးရပ်ကွက်တွင်ရှိပြီး ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ပဲခူးမြို့မဈေးကြီးများသို့ သွားလာနိုင်ပြီး ရန်ကုန်–မန္တလေးသွား ကားလမ်းမကြီးသို့ ဆက်သွယ်သည့် ကတ္တရာလမ်းဖြစ်ကာ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### အင်ကြင်းလမ်း ကျောက်ချောလမ်းဖွင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ပန်းတနော်မြို့ အင်ကြင်းလမ်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လမ်းသစ်ကို ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၇–၁၁–၂၀၀၆**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၂၀ | ၃။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၄။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၀ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | ပညာခေတ် |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၇၂) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်း "အမိကောင်းကင် ကြယ်စင်မောင်နှမ" ဒွေး၊ လူမင်း၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ သဉ္ဇာဝင့်ကျော်** |

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၌ တစ်လနှစ်ကြိမ် ကျင်းပပြုလုပ်အပ်သော ၁၀ ရက် တရားစခန်းပွဲအဖြစ် နိုဝင်ဘာ ဒုတိယပတ်စခန်းပွဲကို နိုဝင်ဘာ ၂၀ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် စစ်ကိုင်းဆရာတော် ဘဒ္ဒန္တ သုမနအရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည် ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**(က–ပ)**



**အမှတ် ၇၀ (E) ရွှေတောင်ကြားရိပ်သာ(၁)လမ်း ငွေဝတ်မှုံရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးကိုကိုထူး–ဒေါ်စန္ဒာအောင်၊ သား မောင်မင်းသီဟထူး၊ သမီး မဆုသီရိထူး မိသားစုက မင်္ဂလာနှစ်ပတ်လည်နေ့အလှူတော်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးညွန့် လက်ခံယူစဉ်။** (က–ပ)

# တိုင်းရင်းသားပြည်သူ့အကျိုး အစဉ်သယ်ပိုးလျက်ရှိသော မျိုးဆက်သစ်လူငယ်များ

သန်းသန်းနု



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ခု စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ အသင်းကြီး၏ သက်တမ်းသည် (၁၃)နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

အသင်းကြီး၏ ရည်ရွယ်ချက် ငါးရပ်မှာ–

- **ပြည်ထောင်စုမပြိုကွဲရေး၊**
- **တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊**
- **အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှု၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေး**

တို့ဖြစ်သည်။

အသင်းကြီးသည် (၁၃)နှစ်တာ ကာလအတွင်းတွင် အထက်ပါ ရည်ရွယ်ချက် ငါးရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

အသင်းကြီးသည် စုစည်းညီညွတ်သည့် အမျိုးသားအင်အားစုကြီး တစ်ရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုအောက်တွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ ရည်ရွယ်ချက် လုပ်ငန်းများသည် လူငယ်ထုအတွင်း၊ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ခဲ့ပါသည်။ အသင်းကြီး၏ ရပ်တည်ချက်၊ ရည်ရွယ်ချက် မှန်ကန်မှုကြောင့် ယနေ့ဆိုလျှင် အသင်းဝင်အင်အားသည် ၂၃ သန်းကျော်ရှိနေပြီ ဖြစ်ပါသည်။

**အသင်းဝင်များကို အရေအတွက်သာမက အရည်အချင်းပါပြည့်ဝရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ထက်မြက်ရေးတို့အတွက် သင်တန်းများ ပို့ချပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် လေ့ကျင့်ပေးလျက်** ရှိပါသည်။

နိုင်ငံတော်က နိုင်ငံတော်တစ်ဝန်းလုံး ဝေးလံသောဒေသများ၊ နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးရွာ ရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်မြင့်မားရေး၊ စိုက်ပျိုးမွေးမြူရေး တိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ ယုံကြည်အားထားမှုကို ရရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အသင်းကြီး၏ ရည်ရွယ်ချက်ပါအတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး အတွက် ပြည်သူတစ်ရပ်လုံး အသိတရားနှင့်ယှဉ်ပြီး တစ်ခဲနက် ပါဝင်လာအောင် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက် လျက်ရှိပါသည်။

အသင်းကြီး၏ လူငယ်ရေးရာစဉ်တိုက်လှုပ်ရှားမှုအနေဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးက အသင်းဝင် လူငယ်များသည် ဒေသအချင်းချင်း အပြန်အလှန် လေ့လာရေးနှင့် အတွေ့အကြုံဖလှယ်ရေး ခရီးစဉ်များ ဆောင်ရွက်ခဲ့ကြသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပခဲ့သော လူငယ်တွေ့ဆုံပွဲတွင် အသင်းဝင်လူငယ်များသည်–

- **ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် လက်ဆင့်ကမ်း ခံယူကျင့်သုံးရန်၊**
- **အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးကို ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် မမှိတ်မသုန်ဆောင်ရွက်ရန်၊**
- **အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန် ကာကွယ်စောင့်ရှောက်ရန်၊**
- **အမိနိုင်ငံတော်တွင် မှန်ကန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာရေး စည်းရုံးဆောင်ရွက်ရန်၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်**

ဆိုသော လူငယ်ကတိသစ္စာငါးရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့သည်။

အသင်းကြီး၏ အသင်းဝင် မျိုးဆက်သစ်လူငယ်အားလုံးတို့သည် မိမိတို့ ချမှတ်ထားခဲ့သော လူငယ်ကတိသစ္စာငါးရပ်ကို ကျရာအခန်းကဏ္ဍမှ အချိန်အခါ နေရာဒေသမရွေး ဆောင်ရွက်လျက်ရှိပေသည်။

အမျိုးသားရေးတာဝန်ကို ဆောင်ရွက်မည့် နိုင်ငံသားကောင်းများပီပီ ဒို့တာဝန် အရေးသုံးပါးကို မမှိတ်မသုန်ခံယူပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်လျက်ရှိသော မျိုးဆက်သစ် လူငယ်များသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလျက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကိုဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

**အသင်းဝင်များကို အရေအတွက်သာမက အရည်အချင်းပါပြည့်ဝရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှု ဆိုင်ရာ အရည်အသွေးများ ထက်မြက်ရေးတို့ အတွက် သင်တန်းများ ပို့ချပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ ဖြင့် လေ့ကျင့်ပေးလျက်ရှိ။**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နွေစပါးစိုက်ပျိုးနေသည်ကို ဤသို့ တွေ့ရသည်။






## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇–၁၁–၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ပေါ့ပေါ့ပါးပါးဂေါက်သီးအားကစား (အခြေခံ) (လေးပုံသုံးပုံလွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း) |
| ၇:၁၀ | တေးဂီတအစီအစဉ် |
| ၇:၁၅ | Sunday Talk |
| ၈:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅ | Ecotourism ဆွဲဆောင်ဖို့သဘာဝကိုထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း(အပိုင်း–၂) |
| ၈:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | ကုသိုလ်ပန်းများ ပန်ဆင်နွဲ့ လတန်ဆောင်တိုင်ပွဲ |
| ၉:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၅ | Music Gallery (No-ရိုးသွားပြီ) |
| ၉:၅၅ | ကုသမနေးတီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) (ဒါရိုက်တာ–ပန်းချီစိုးမိုး) |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | ဆက်သွယ်မှုကွန်ရက် Internet Cafe(1) |
| ၁၁:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၅ | အစဉ်နှောင်အမှန်မြဲမယ် ရေလှောင်တမံရဲနွှယ် |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ | ခံတွင်းတွေ့စေမှာသေချာ မြန်မာ့ပင်လယ်ငါးဟင်းလျာ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ ဂျီအမ်ကားထုတ်လုပ်ရေးစက်ရုံ၏လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စများ စင်ကာပူ၌ ဆွေးနွေးမည်

စင်ကာပူ နိုဝင်ဘာ ၆

**လာမည့်ငါးနှစ်တွင် ရာသီဥတုပြောင်းလဲမှုမည်သို့ရှိမည်ကို ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက နိုဝင်ဘာ၃ရက်၌ သတင်းထုတ်ပြန်သည်။**

သဘာဝပတ်ဝန်းကျင် ကာကွယ်တားဆီးရေးကို ပိုမိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များဆိုင်ရာ ဝန်ကြီးဌာနကလည်း ပြောကြားသည်ဟု နယူးအာရှသတင်းဌာနက ထုတ်ပြန်သည်။

**လျှော့ချပေး**

စင်ကာပူနိုင်ငံတွင် လွန်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း ဖန်လုံအိမ် အာနိသင်လျှော့ချမှုကို ၂၅ရာခိုင်နှုန်းခန့်လျှော့ချခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးနိုင်ခဲ့သည်။

**ဖော်ပြ**

စင်ကာပူနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ငါးရာခိုင်နှုန်းအထိ လျှော့ချရန် စီစဉ်ထားသည်။

**ဖြစ်ပွားမှု**

ထိုသို့ လျှော့ချနိုင်ခြင်းဖြင့် ပြည်သူတို့တွင် ရောဂါဖြစ်ပွားမှုများကို လျော့ကျသွားနိုင်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်၌ ပိုမိုကောင်းမွန်သော ပြတိုက်များလိုအပ်နေ

ရှန်ယန်း နိုဝင်ဘာ ၆

**ပြည်သူများ၏ လိုအပ်ချက်ကို ဖြေရှင်းရန်အတွက် တရုတ်နိုင်ငံတွင် ပိုမိုကောင်းမွန်သော ပြတိုက်များကို ထူထောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရှန်ယန်းမြို့တွင်ပြုလုပ်သည့် ပြတိုက်များဆိုင်ရာ ဆွေးနွေးပွဲတစ်ခု၌ ကျွမ်းကျင်သူများက ပြောကြားသည်။**

တရုတ်နိုင်ငံတွင် လောလောဆယ်အချိန်၌ ပျမ်းမျှ လူခြောက်သိန်းခန့်လျှင် ပြတိုက်တစ်ခုနှုန်းခန့်ရှိနေသည်။ အနောက်နိုင်ငံများတွင်မူ လူတစ်သိန်းမှ နှစ်သိန်းခန့်တွင် ပြတိုက်တစ်ခုနှုန်းရှိနေကြောင်း တရုတ်နိုင်ငံ နန်ကိုင်တက္ကသိုလ်မှပါမောက္ခဂျူယီက ၎င်းက ပြောကြားသည်။

**လိုအပ်မှု**

တရုတ်နိုင်ငံတွင် ယခုအချိန်၌ အမျိုးမျိုးသောပြတိုက်ပေါင်း၂၃၀၀ခန့်ရှိနေရာ တရုတ်လူဦးရေနှင့် တွက်ပါက ပြတိုက်လိုအပ်မှုရှိနေကြောင်း ၎င်းက ပြောကြားသည်။

**အနေအထား**

တရုတ်နိုင်ငံ၏လက်ရှိ ပြတိုက်အများအပြားမှာ ပြည်သူတို့အတွက် လုံလောက်သော အထောက်အကူပြုမှု အချက်အလက်များကို မဖြည့်ဆည်းပေးသော အနေအထားရှိနေကြောင်း သိရသည်။

**ထောက်ပံ့**

ထို့ကြောင့် တရုတ်နိုင်ငံတွင်လက်ရှိ ပြတိုက်များ အဆင့်မြင့်လာစေရန် ပြောင်းလဲမှုများ ပြုလုပ်ရေးနှင့် ပိုမိုကောင်းမွန်ပြည့်စုံသော ပြတိုက်များ ဖြစ်ပေါ်လာစေရေးအတွက် ဘဏ္ဍာငွေကြေး ပိုမိုထောက်ပံ့ပေးရန်လည်း ကျွမ်းကျင်သူများက တိုက်တွန်းခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပြသ

**တိုရှီဘာ ကုမ္ပဏီမှ အသစ်တီထွင်ထုတ်လုပ်လိုက်သည့် ဒီဗွီဒီပြစက်အား အရောင်းမြှင့်တင်ရေး ဝန်ထမ်းများက ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြသနေသည်ကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




# ပြည်ပ တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု အီဂျစ်တွင် တိုးတက်လာ

ကိုင်ရို နိုဝင်ဘာ ၆

**အီဂျစ်နိုင်ငံတွင် ယခုနှစ်အတွင်း နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးတက်ခဲ့ရာ အမေရိကန်ဒေါ်လာ၆ဒသမ၁ဘီလီယံအထိရှိခဲ့ကြောင်း အီဂျစ်နိုင်ငံရှိ မီနာသတင်းဌာနက နိုဝင်ဘာ၁ရက်၌ သတင်းထုတ်ပြန်သည်။**

အီဂျစ်နိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ်မှစတင်ကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သဖြင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိခဲ့ခြင်း ဖြစ်ကြောင်း အီဂျစ်ရင်းနှီးမြှုပ်နှံမှု၂၀၀၆ဟု အမည်ပေးထားသော လေးကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာကွန်ဖရင့်၌ အီဂျစ်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒီယတ်ဘာဟာအီဒင်က ပြောကြားသည်။

**ဆွဲဆောင်**

ထိုသို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ခဲ့ခြင်းကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိအောင် ပြုပြင်ပြောင်းလဲမှုက များစွာအထောက်အကူပေးခဲ့ကြောင်း ဒီယတ်ဘာဟာအီဒင်က ပြောကြားသည်။

**တိုးတက်အောင်မြင်**

ယခုအခါ အီဂျစ်နိုင်ငံတွင် ပြုလုပ်လျက်ရှိသည့် အီဂျစ် ရင်းနှီးမြှုပ်နှံမှု ၂၀၀၆သို့ နိုင်ငံပေါင်း ၂၀ကျော်မှ ကိုယ်စားလှယ်ပေါင်း ၅၀၀တို့ တက်ရောက်ကာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိစေရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# တူရကီ၌ မိုးသည်းထန်ပြီး ရေလွှမ်း ၃၉ဦးသေဆုံး၊ ၁၅ဦး ဒဏ်ရာရ

အင်ကာရာ နိုဝင်ဘာ ၆

**တူရကီနိုင်ငံတွင် ပြီးခဲ့သည့်ရက် အနည်းငယ်က မိုးသည်းထန်ပြီး ရေလွှမ်းခဲ့မှုကြောင့် သေဆုံးသူဦးရေမှာ ၃၉ဦးရှိသွားပြီဖြစ်ပြီး ဒဏ်ရာရသူမှာ ၁၅ဦးခန့်ရှိကြောင်း အနာတိုလီသတင်းဌာနက နိုဝင်ဘာ ၃ရက်၌ သတင်းထုတ်ပြန်သည်။**

ထိုသို့ရေလွှမ်းခဲ့မှုကြောင့် ယခုအချိန်အထိ လူရှစ်ဦးပျောက်ဆုံးနေဆဲဖြစ်ပြီး အချို့ဒေသများတွင် ရေလွှမ်းနေဆဲဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

**ရေလွှမ်းမှုဖြစ်ပွား**

တူရကီနိုင်ငံတွင် ရေလွှမ်းမှု ဒဏ်ခံခဲ့ရသော ဒေသများမှာ ဒိုင်ယာဘာကီရာ၊ မာဒင်၊ ဆာနက်ခ်၊ ဆန်လီရာဖာ၊ ဘတ်မင်နှင့် တောင်ပိုင်းပြည်နယ်ဖြစ်သည့် မာဆင်တို့တွင် ဖြစ်ကြောင်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**ပျက်စီး**

ထိုသို့ ရေလွှမ်းခဲ့မှုကြောင့်ဒေသခံတို့၏နေအိမ်၉၈၈လုံးပျက်စီးခဲ့ရသည်။ ရေလွှမ်းမိုးမှုဒဏ်ခံရသော ဒေသခံတို့အတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တူရကီ အစိုးရက ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယရှိ စီလီကွန်တောင်ကြားအမည်ပြောင်းလဲ

**နယူးဒေလီ နိုဝင်ဘာ ၆**

အိန္ဒိယနိုင်ငံ စီလီကွန်တောင်ကြားဒေသနှင့် ကာနာတကာပြည်နယ်၏ မြို့တော်ဖြစ်သော ဘင်ဂါလောအမည်ကို ဘင်ဂါလူရူဟု အမည် ပြောင်းလဲမည် ဖြစ်ကြောင်း၊ ထို့သို့ ပြောင်းလဲမှုကို နိုဝင်ဘာ၁ရက်မှ စတင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကာနာတကာပြည်နယ် မြို့တော် ဘင်ဂါလိုရီ မြို့ကိုလည်း အမည်ပြောင်းခဲ့ကြောင်း သိရသည်။

**ပြောကြား**

ထို့အတူ ကာနာတကာပြည်နယ်ရှိ မြို့ကြီးရှစ်မြို့၏အမည်များကို ပြောင်းလဲမည်ဖြစ်ကြောင်း ကာနာတကာပြည်နယ် အာဏာပိုင်အဖွဲ့က နိုဝင်ဘာ ၁ရက်က ပြောကြားသည်။

**ပြောင်းလဲခြင်း**

ယခုကဲ့သို့ အမည်ပြောင်းခြင်းသည် ကာနာတကာပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူများအတွက် ဖြစ်ပြီး အရေးကြီးသော ပြောင်းလဲခြင်း ဖြစ်သည်ဟု တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဆစ်ဒါလင်ဂေ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်အနောက်ပိုင်း၌ ဟိုတယ်မီးလောင်မှု ဖြစ်ပွား

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်နိုင်ငံ အနောက်ပိုင်း နီဗားဒါးပြည်နယ်တွင် အောက်တိုဘာ ၃၁ရက်က ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရှိကြောင်းနှင့် မီးစတင်လောင်သည်ဟုယူဆသည့်အခန်းမှ အမျိုးသမီးတစ်ဦးကို နိုဝင်ဘာ ၃ရက်က ဖမ်းဆီးသွားကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

၎င်းဟိုတယ်၏ ဗာလီရာမိုးအခန်းရှိ မွေ့ရာမှ စတင်လောင်ကျွမ်းသည်ကို ဒေသဆိုင်ရာရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရေလွှမ်းမှုဖြစ်ပွား

**တူရကီနိုင်ငံ၌ မိုးသည်းထန်ပြီး ရေလွှမ်းနေသည်ကို နိုဝင်ဘာ ၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# စင်ကာပူ၌ အိုင်တီနည်းပညာသုံး ရုရှားစီးပွားရေးလုပ်ငန်းတည်ထောင်မည်

စင်ကာပူ နိုဝင်ဘာ ၆

**စင်ကာပူနိုင်ငံတွင် အိုင်တီနည်းပညာသုံး စီးပွားရေးလုပ်ငန်းတစ်ခုကိုထူထောင်ရန် ရုရှားနိုင်ငံက စင်ကာပူနိုင်ငံနှင့်အတူ နိုဝင်ဘာ ၃ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီဖြစ်ကြောင်း သိရသည်။**

ယခုကဲ့သို့ အဆိုပါ စီးပွားရေးလုပ်ငန်း ထူထောင်ခြင်းကို ယခုနှစ်ကုန်တွင် စတင်လုပ်ငန်းလည်ပတ်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျငွေ အမေရိကန် ဒေါ်လာငါးသိန်းခန့်ရှိမည် ဖြစ်ကြောင်း နယူးအာရှသတင်းလိုင်းက ဖော်ပြသည်။

**ထုတ်လုပ်နိုင်ရန်**

အဆိုပါ စီးပွားရေးလုပ်ငန်းမှာ အိုင်တီနည်းပညာသုံး ဥဖောက်စက် လုပ်ငန်းဖြစ်ပြီး၊ ဇီဝနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို စင်ကာပူစီးပွားရေး လုပ်ငန်းများတွင် အသုံးချနိုင်အောင် ဖြစ်ကြောင်း၊ အဆင့်မြင့် နည်းပညာသုံး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်ဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

**ဖော်ပြ**

ယခုကဲ့သို့ စင်ကာပူတွင်ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းတစ်ခု လာရောက်လုပ်ကိုင်ခြင်းသည် နိုင်ငံတကာဈေးကွက်သို့ ရုရှားစီးပွားရေးလုပ်ငန်းရှင်များ တိုးဝင် ချဲ့ထွင်နိုင်ရန်ဖြစ်ကြောင်းလည်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပေါက်ကွဲစေတတ်သော ပစ္စည်းနှစ်တန်ကျော် အီဂျစ်နိုင်ငံတွင် တွေ့ရှိ

**အစ်မေးလီရာ နိုဝင်ဘာ ၆**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ပေါ်တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းနှစ်တန်ကျော်ကို အီဂျစ်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၃ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**သေဆုံး**

အီဂျစ်နိုင်ငံတွင် ၂၀၀၄ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ခုနှစ် ဇူလိုင်လအထိ ဖုံးခွဲတိုက်ခိုက်မှုများကြောင့် စုစုပေါင်း လူ ၁၀၀ကျော် သေဆုံးခဲ့ရသည်။

**ရှာဖွေတွေ့ရှိ**

ယခုရှာဖွေတွေ့ရှိရသော ဖုံးများမှာ အီဂျစ်နိုင်ငံ ရိုတ်ဇူဝီမြို့အနီးတွင် ပေါက်ကွဲစေတတ်သောပစ္စည်း ကီလို ၅၀၀ခန့်နှင့် ဂစ်ဖ်ဂါဖာဒေသတွင် ပေါက်ကွဲစေတတ်သော ပစ္စည်းတစ်တန်ခန့်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

**သိမ်းဆည်း**

ထို့အပြင် ဆိုင်းနိုင်းအနီး သဲကန္တာရတစ်ခုတွင် တီအင်တီ ၆၀၀ ကီလိုကို မကြာမီအချိန်ကလည်း ရဲတပ်ဖွဲ့က တွေ့ရှိ၍ သိမ်းဆည်းနိုင်ခဲ့သည်။

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းတွင် ဖုံးခွဲတိုက်ခိုက်မှုများ ရှိနိုင်ကြောင်း အီဂျစ်ရဲတပ်ဖွဲ့က သတိပေးချက်များ ထုတ်ပြန်ပေးခဲ့သည်မှာ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလကပင် ဖြစ်ကြောင်း သိရသည်။ **အမ်အေအင်၊ရိုက်တာ**



**တရုတ်နိုင်ငံ ပေကျင်းမြို့၌ တည်ဆောက်လျက်ရှိသည့် အမျိုးသားအိုလံပစ် အားကစားကွင်းကို နိုဝင်ဘာ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)






# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံး ရေခဲမုန့်

**ကမ္ဘာပေါ်တွင် အကြီးဆုံး ရေခဲမုန့်တစ်ခု ပြုလုပ်နေကြစဉ်။** (ယာပုံ)

ကနေဒါနိုင်ငံ အက်မွန်တန်မြို့သားများက စုပေါင်း၍ အလေးချိန် ၁၀၀၅ ပေါင်ရှိသော ရေခဲမုန့်ကြီးတစ်ခုကိုပြုလုပ်ခဲ့ကြသည်။ ၎င်းရေခဲမုန့်ကြီးသည် ပိရမစ်ပုံစံဖြစ်ကာ အမြင့် ၅၃ လက်မရှိသည်။ လူပေါင်း၂၂ဦး ပါဝင်ပြုလုပ်ခဲ့ကြရာ ကမ္ဘာပေါ်တွင်အကြီးဆုံး ရေခဲမုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည် ဖြစ်သည်။ **(အင်တာနက်)**



# အထူးဆန်းဆုံး လျှာပုံစံ

**ကမ္ဘာပေါ်တွင် အထူးဆန်းဆုံး လျှာပုံစံကို ပြုလုပ်ပြသနေသူ တစ်ဦးအား တွေ့ရစဉ်။** (ဝဲပုံ)

ဆွီဒင်နိုင်ငံသူ တစ်ဦးဖြစ်သူ ဖရစ်ဒရစ်ဖိုဒ်အမည်ရှိ အမျိုးသမီးငယ်တစ်ဦးက သူမ၏ လျှာကို အတွန့်အခေါက်များ ပြုလုပ်၍ ပုံသဏ္ဌာန်မျိုးစုံ ဖန်တီးပြသခဲ့ရာ ကမ္ဘာပေါ်တွင် အထူးဆန်းဆုံး လျှာပုံစံများ ပြုလုပ်ပြသနိုင်သူ အဖြစ် ဂင်းနက်စ် မှတ်တမ်းတင်ခံရကြောင်း သိရသည်။ **(အင်တာနက်)**

# တရုတ်တွင် နှစ်စဉ်ရေကန်၂၀ခန့် ကွယ်ပျောက်နေ နှစ်၅၀အတွင်း ရေကန်၁၀၀၀ခန့် ခန်းခြောက်ခဲ့

နန်ချင်း နိုဝင်ဘာ ၆

**တရုတ်နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်အတွင်း ရေကန်ပေါင်း ၁၀၀၀ခန့် ခန်းခြောက် ကွယ်ပျောက်သွားခဲ့ကြောင်း၊ ထိုသို့ ရေကန်များ ခန်းခြောက် ကွယ်ပျောက်သွားမှုမှာ တစ်နှစ်လျှင် ရေကန်၂၀ခန့်ရှိကြောင်း တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျူဂန်ယောက နိုဝင်ဘာ ၁ ရက်၌ ပြောကြားသည်။**

တရုတ်နိုင်ငံ နန်ချင်းမြို့တွင် အောက်တိုဘာ ၃၁ ရက်က ပြုလုပ်သော အပြည်ပြည်ဆိုင်ရာရေကန်များ ကွန်ဖရင့်တွင် ဒုတိယဝန်ကြီး ကျူဂန်ယောက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ပြုလုပ်ထား**

တရုတ်နိုင်ငံတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန် ၂၀၀၀၀ ခန့်ရှိနေပြီး လူတို့ပြုလုပ်ထားသော ရေကန် ထောင်ပေါင်းများစွာ ရှိနေသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်၌ပင်ရေကန် ၂၁၇အိုင် ရှိနေသည်။

**လျော့နည်းခဲ့**

ဟူဘေးပြည်နယ်တွင် ရှိသော သဘာဝရေကန်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ ၂၄၃၈ စတုရန်းကီလိုမီတာရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကထက် ၃၄ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီးဖြစ်သည်။

**ထိန်းသိမ်းထားနိုင်**

တရုတ်နိုင်ငံတွင် ရေကန်များ၏ စုစုပေါင်းဧရိယာ အကျယ်အဝန်းမှာ ၃၆၁၀၀ စတုရန်းကီလိုမီတာရှိပြီး စိမ့်မြေစုစုပေါင်း အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၉၀၀၀၀ ရှိနေသည်။ ထို့အတူ သောက်သုံးရေသန့် ၂၂၆ ဘီလီယံကုဗမီတာကိုလည်း ထိန်းသိမ်းထားနိုင်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်၌ ဆီးချိုရောဂါ ဖြစ်ပွားသူ ၃ဒသမ ၆ရာခိုင်နှုန်းရှိ

**ဟန္နိုင်း နိုဝင်ဘာ ၆**

ဗီယက်နမ်နိုင်ငံတွင် ယခုအခါ နိုင်ငံ့လူဦးရေ၏ ၃ဒသမ ၆ ရာခိုင်နှုန်းကျော်မှာ ဆီးချိုရောဂါခံစားနေရကြောင်း ဗီယက်နမ်နိုင်ငံထုတ် ပိုင်အိုးနီးယား သတင်းစာက နိုဝင်ဘာ၂ရက်၌ ဖော်ပြသည်။

**အလားအလာရှိ**

ထို့အပြင် သန်းပေါင်းများစွာသော ပြည်သူများမှာလည်းဆီးချိုရောဂါ ဖြစ်ပွားရန် အလားအလာရှိနေကြောင်း၊ ဗီယက်နမ်နိုင်ငံ ဆီးချိုရောဂါ ကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဆွေးနွေးပွဲတစ်ခုမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ခု၌ ဖော်ပြထားကြောင်း အဆိုပါ သတင်းစာက ဖော်ပြသည်။

**တိုးမြှင့်လုပ်ဆောင်**

ဗီယက်နမ်နိုင်ငံ အနေဖြင့် အဆိုပါ ရောဂါဆိုးကြီးများမှ ပြည်သူတို့အားအကာအကွယ်ပေးရန် ဆောင်ရွက်နေကြောင်း၊ အသိပညာပေးမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ ကိုယ်အလေးချိန်ထိန်းသိမ်းခြင်းနှင့် နိုင်ငံတစ်ဝန်း ရောဂါကုသမှုများဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

7-11 (05) 1 11/6/06, 11:56 PM

# ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းများရှိသည့်ဒေသများ ရှာဖွေရေးတွင်းသစ်များ အမြန်ဆုံး တူးဖော်စမ်းသပ်

ရန်ကုန် နိုဝင်ဘာ ၆

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးရာ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိ တူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးကံမြင့်ကြီးက တွင်းသစ် အမှတ်(၃၅)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

**ချမှတ်ပေး**

ယင်းနောက်ဝန်ကြီးကညောင်တုန်း ဒေသ၌ တွင်းသစ်များ ဆက်လက် တူးဖော်သွားနိုင်ရေး မှာကြားပြီး အခြား စက်ရုံအလုပ်ရုံများသို့သဘာဝဓာတ်ငွေ့ ဖြန့်ခွဲပို့လွှတ်သွားရမည့် အစီအစဉ်များ ကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးအား တာဝန်ရှိသူတို့က မအူပင်(တောင်)၊ ညောင်တုန်း (မြောက်)၊ ပကွန်နှင့် တိုက်ကြီးဒေသတို့၏ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းများရှိသည့် မအူပင် တောင်ပိုင်းဒေသနှင့် တိုက်ကြီးဒေသတို့တွင် ရှာဖွေရေးတွင်းသစ်များကို အမြန်ဆုံး တူးဖော်စမ်းသပ်သွားရန် မှာကြားပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးက တွင်းသစ်အမှတ်(၃၅) တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ်အမှတ်(၃၅)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၇ ဒသမ ၁၈၃ သန်းနှင့် လေဆီ Condensate ၈၄စည်ကို နေ့စဉ် ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝ ဓာတ်ငွေ့ ကုဗပေ ၈၆ သန်းကျော်နှင့် လေဆီ Condensate ၇၃၂ စည်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ခုနစ်ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၆**

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် ၂ လမ်း ရတနာမဇ္ဈိုမမွှရိပ်သာ၌ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် ဆရာကြီး ဦးသန်း ဦးဆောင်ပြီး မြန်မာလပြည့်ကျော် ၈ရက် တိုင်းဖွင့်လှစ်မြဲဖြစ်သည့်(၅၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၆၆၃၈၀၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇ နာရီထက်နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်မှ မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန်စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် ၅၆ သုခလမ်းသွယ် အမှတ် ၄၅ နေ ဒုတိယဗိုလ်မှူးကြီးမြလွင် (ငြိမ်း)-ဇနီး ဒေါ်ခင်ဌေးမှီ မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**တောင်ဥက္ကလာပမြို့နယ် အနေးယာဉ်စည်းရုံးရေးအခြေစိုက်ရုံးက ကြီးမှူးကျင်းပသော(၁၃)ကြိမ်မြောက် အနေးယာဉ်လုပ်သားများ၏ စုပေါင်း မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ၄ ရက်က ကျင်းပရာ အနေးယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်း ဦးဆောင်၍ တန်ဖိုးငွေကျပ် ၂၇ သိန်းခန့်ရှိ ပဒေသာပင် ၄၂ ပင်ကို မြို့နယ်အတွင်း သယ်ဆောင်လှည့်လည်လာစဉ်။**(က-ပ)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မိခင်ကြီး ဒေါ်ခင်ရီ၏ (၈၁)နှစ်ပြည့် မွေးနေ့အလှူအတွက် တိုက် ၈(B) ဦးလူမောင်လမ်း ကြည့်မြင်တိုင်နေသား ဦးခင်မောင်ညွန့် (BAJ ကုမ္ပဏီ)က အလှူငွေကျပ်တစ်သိန်း တစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် ဒေါက်တာ ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ပြီးပန်းတူညီ ဂုဏ်ပြုသည်

* ပါလီမန် ဒီမိုကရေစီ
ပါတီစုံ ဟိုတစ်ခေတ်။
ဒို့ပြည်သူ အတိတ်လမ်းမှာ
ဖြတ်သန်း ကျန်ရစ်။

* ထိုမှတစ်ဆင့် ဆက်ခဲ့သည်
တစ်ပါတီဆိုရှယ်လစ်။
ဒို့ပြည်သူ အတိတ်လမ်းမှာ
ဖြတ်သန်းကျန်ရစ်။

* ပါတီရောင် ပါတီအသွေး
ကင်းဝေးတဲ့ တပ်မတော်။
အမျိုးသားနိုင်ငံရေးကို
ရှေးရှုပုံဖော်။
ယနေ့ခေတ်ရှုမြင်သော်
တပ်မတော်အစိုးရခေတ်။
တစ်ပြည်လုံး အတွက်ကယ်ဖြင့်
ကျန်းမာရေး ပညာရေးတို့အပြင်
စိုက်ပျိုးရေးအခြေခံ
လူမှုရေး အခြေခံနဲ့
ကျေးလက်မကျန် ဘက်စုံတိုး
ဖွံ့ဖြိုးတဲ့ခေတ်။

* ခေတ်မျိုးစုံ ဖြတ်ကျော်လွှားခဲ့တဲ့
တိုင်းရင်းသား ပြည်သူတွေ။
နိုင်ငံတော်သစ်ဆီသို့
ချီတက်ရန် ပေါင်းစုဝေး
ဆွေးနွေးကြပေ။
ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု ခိုင်မာစေ
ရေရှည်ကို မျှော်တွေး။
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးအသင်းကြီး
ဖွဲ့စည်းခဲ့သေး။

* မြောက်လေပြန် နှင်းအဆွတ်မှာတဲ့
သင်းလုံးကျွတ် နှစ်ပတ်လည်။
ပြည်ထောင်စု ကြံ့ခိုင်ရေး
စည်းဝေးကြမည်။
ကြိုဆိုပါသည်
ဒို့ပြည်သူ တစ်ရပ်လုံး။
ဂုဏ်ပြုပါသည်
ဒို့ပြည်သူ တစ်ရပ်လုံး။
မြစိမ်းရောင် ပုလဲနှစ်နဲ့
သည်းနစ်အောင်ပြုံး။ ။

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုလျက်-)

**ခွန်ရဲသွေး(အေးသာယာ)**

## ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ ဩစတြေးလျနိုင်ငံ၌ တည်ဆောက်သွားမည်

ဩစတြေးလျနိုင်ငံအစိုးရက ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံကြီးတည်ဆောက်ရန် အောက်တိုဘာ ၂၅ရက်က ကြေညာလိုက်သည်။

အောက်ဖော်ပြပါပုံမှာ မိုဂျာဗီသဲကန္တာရတွင်တွေ့ရသော နေရောင်ခြည် စွမ်းအင်သုံးစက်ရုံဖြစ်သည်။

**မဟာဗျူဟာ**

ဩစတြေးလျအစိုးရအနေဖြင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည့် ကျိုတိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်နေသော်လည်း ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန်အတွက် မဟာဗျူဟာတစ်ရပ် ချမှတ်ထားသည်။

**ထုတ်ယူနိုင်မည်**

ယင်းအစိုးရက ၁၅၄မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ဗစ်တိုးရီးယား၌ တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ၎င်းနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၁၅၄မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းအတွက် အစိုးရက ဩစတြေးလျ ဒေါ်လာ ၇၅သန်း (အမေရိကန် ဒေါ်လာ ၅၇သန်း) ကျခံသုံးစွဲမည်ဖြစ်သည်။

**(ကိုးကား-အင်တာနက်)**



## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



### ဟောင်ကောင်၌ ဆေးလိပ်သောက်သုံးမှု ပိတ်ပင်မည်

ဟောင်ကောင်မြို့လယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာတွင် ဆေးလိပ်ပြာခွက်တစ်ခု၌ စီးကရက်ဆေးလိပ်တိုများကို တွေ့ရခြင်းဖြစ်သည်။

ဟောင်ကောင်သည် ကမ္ဘာ့ဒေသအချို့ကဲ့သို့ ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ရာတွင် ဦးဆောင်ပါဝင်မည်ဖြစ်သည်။

**ပိတ်ပင်ထား**

အိုင်ယာလန်ကဲ့သို့ ဥရောပနိုင်ငံကြီးအချို့တွင် လူအများစုနှင့် သက်ဆိုင်သော နေရာများ၌ ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထားသည်။ ယင်းကဲ့သို့ ဆေးလိပ်သောက်သုံးမှု တားမြစ်ပိတ်ပင်ရာ၌ အမေရိကန်ရှိမြို့ကြီးများလည်း ပါဝင်သည်။

**ပြဋ္ဌာန်းထားပြီး**

ဟောင်ကောင်တွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလမှစပြီး အလုပ်စခန်းနေရာများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်၊ မိုတယ်များ၊ ပန်းခြံများ၊ အပန်းဖြေစခန်းများ၌ ဆေးလိပ်သောက်ခြင်းကိုတားမြစ်သော ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး နယ်စပ်/ကုန်သွယ်နှင့် အငှားယာဉ်လုပ်ငန်း မဟာဘုံကထိန်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် မဟာဘုံကထိန်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၉နာရီခွဲက ပျဉ်းမနားမြို့ရှိ ဘုရားကြီးတောရကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ဘုရားကြီးတောရကျောင်းတိုက်မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယကကမ္မဋ္ဌာနစရိယ ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ကထိန်သင်္ကန်းကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး နဝကမ္မ အလှူငွေ ကျပ် ၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင်ထံသို့ ပေးအပ်လှူဒါန်းပြီး ကြွရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရားကြီးတောရကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## သီလခံယူ

အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနနှင့် Trade အငှားယာဉ်လုပ်ငန်းတို့၏ ပထမအကြိမ် မဟာဘုံကထိန်လှူဒါန်းပွဲကို နိုဝင်ဘာ ၁ရက် နံနက် ၉နာရီခွဲတွင် ပျဉ်းမနားမြို့ မြို့သစ်ကျောင်းတိုက်၌ ကျင်းပသည်။ ရှေးဦးစွာ မြို့သစ်ကျောင်းတိုက် ဆရာတော် ဦးဝိရိယထံမှ ပရိတ်သတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံ အလှူတော်ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လှည်းတန်းရပ်ကွက်လုံးဆိုင်ရာ ဆွမ်းသိမ်းအောင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် လှည်းတန်းရပ်ကွက်လုံးဆိုင်ရာ သမ္မာဆန္ဒရက္ခိတဆွမ်းလောင်းဝတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးအုန်းကြိုင်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ၂၉ရက်က ယင်းဓမ္မာရုံတွင် (၅၅)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲ ကျင်းပသည်။

## ရေစက်သွန်းချ

အစီအစဉ်အရ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး**(အပေါ်ပုံ)** လှူဖွယ်ပစ္စည်း အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## တရားပွဲ

ယင်းဆွမ်းသိမ်းအောင်ပွဲတွင် တရားပွဲများ ဟောကြားမည် ဖြစ်ရာ နိုဝင်ဘာ ၁၁ရက်တွင် ဓမ္မဘေရီ အရှင်ဝီရိယ (ရွှေစေတီ ကျောင်းတိုက်တောင်စွန်း) ဆရာတော်က လည်းကောင်း၊ ၁၂ရက်တွင် ဒေါက်တာအရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်၊ သာကေတ) ကလည်းကောင်း၊ ၁၃ရက်တွင် ဓမ္မကထိက အရှင်သုဇာတ(ထန်းတပင်ကျောင်းတိုက်)က လည်းကောင်း၊ ၁၄ ရက်တွင် မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒာသူရိယ(အောင်စကြာ)ကလည်းကောင်း၊ ၁၅ရက်တွင် ဓမ္မကထိက ဘဒ္ဒန္တဇာဂရ (သုစိတ္တာရုံကျောင်းတိုက်၊ ကမာရွတ်) က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားတော်များနာယူလိုသူ ဓမ္မမိတ်ဆွေများ လာရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ဆရာတော် ဘဒ္ဒန္တသုနန္ဒ တရားဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရုံသီမိုးကုတ်ရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိဖြုတ် အလုပ်သင် သစ္စာလေးပါး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်မှ နတ်တော်လဆန်း ၆ရက်အထိ (နိုဝင်ဘာ ၁၆ ရက်မှ ၂၅ရက်) အထိ ညစဉ် ၇နာရီမှ စ၍ မင်္ဂလာဈေး ဓမ္မဗိမာန် ရွှေတိဂုံအရှေ့မုခ် ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်၌ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**နိုဝင်ဘာ ၆ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ ညောင်ကုန်းရပ်ကွက် ဇေယျဝတီ မဟာသကြိန်ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ဓမ္မဒီပနီ (ရာပြည့်) ဗိမာန်တော်ကြီးတည်ဆောက်ရန် မောင်နေမျိုးအောင် (ခေတ္တ U.S.A) မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို ပဓာနနာယကဆရာတော် ဦးစန္ဒာဝရ (ဓမ္မကထိက)ထံ မင်္ဂလာတောင်ညွန့်မြို့နယ် ၉၃ လမ်းနေ ဦးအောင်သန်း–ဒေါ်အေးရီ မိသားစုက ပေးအပ်လှူဒါန်းရာ ကပ္ပိယကာယက ဦးအေးလှိုင်က လက်ခံယူစဉ်။** (၂၅၉)



**လသာမြို့နယ် သိမ်ကြီးဈေး (ဃ)ရုံ (မြို့တော်ဗဟိုဈေးကြီး) ဈေးသူ ဈေးသားများ၏ (၄၂)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ စမ်းချောင်းမြို့နယ် ရှင်ဥတ္တမသာရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါသဝထံ ကျင်းပရေးကော်မတီဥက္ကဋ္ဌဦးစံသိန်းက ကထိန်လျာဥတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# အင်အားအသင့်အတင့် မြေငလျင်တစ်ခုလှုပ်

ရန်ကုန် နိုဝင်ဘာ ၆

**မြန်မာစံတော်ချိန် ၀၇နာရီ မိနစ်၅၀ စက္ကန့်၄၀တွင် မန္တလေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၉၂မိုင်ခန့်ကွာဝေးသောနေရာ (အိန္ဒိယ–မြန်မာနိုင်ငံ နယ်စပ်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး၅ဒသမ ၂အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်းသက်ဆိုင်ရာမှ သတင်းရရှိသည်။** (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အတူ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်၊ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Zafar Jamil နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ၆ရက်ကမြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း ချုံနွယ်များ ရှင်းလင်းကြရာ ရန်ကုန်တိုင်းအသင်း ခေတ္တအတွင်းရေးမှူး ဦးတင်လှိုင်၊ အရှေ့ပိုင်းခရိုင် ခေတ္တ အတွင်းရေးမှူး ဦးစိန်မြင့်၊ ဆေးရုံအုပ်ကြီး ဦးမြသောင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။** (က–ပ)

# အာဆီယံနှင့်တတိယနိုင်ငံများ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု သင်တန်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

**အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းအရ အာဆီယံအတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်သော အာဆီယံနှင့်တတိယနိုင်ငံများ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုသင်တန်းကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည် တက်ရောက် အမှာစကားပြောကြားသည်။**

ယင်းနောက် အာဆီယံအတွင်းရေးမှူးရုံး IAI Unit မှ Project Officer Ms. Chandrasa Edhityas Sjamsudin က သင်တန်းကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ စင်ကာပူနိုင်ငံ International Trade Institute of Singapore မှ Assistant Manager Ms. Rachel Ho၊ သင်တန်းနည်းပြများ ဖြစ်ကြသည့် Mr. Rajesh Sreenivasan, Ms. Margaret Liang နှင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ သင်တန်းသားအရာထမ်း ၂၀ တက်ရောက်ကြပြီး ယင်းသင်တန်းကို နိုဝင်ဘာ ၈ရက်အထိ ကျင်းပမည် ဖြစ်သည်။

## စီစဉ်ဆောင်ရွက်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းပါ နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေး သင်တန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရန်အဖွဲ့အစည်း Focal Point အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၀၆ခုနှစ်အတွင်း သင်တန်း ခုနစ်ခု ကျင်းပခဲ့ကာ နောက်ထပ် သင်တန်း နှစ်ခု ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အထက(၃)ဗိုလ်တထောင် ရာပြည့်အကြို အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း [ယခင်မက်သဒစ် (ခေါ်) ရေကျော်အစိုးရအထက်တန်းကျောင်း]မှ ကျောင်းသားကျောင်းသူဟောင်းများ၏ ရာပြည့်အကြို သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ သစ္စာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းကျောင်းကို ၁၉၀၇ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၀၇ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်တော့မည်ဖြစ်၍ ယခုနှစ် အာစရိယပူဇော်ပွဲကို ၂၀၀၆–၂၀၀၇ခု ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများအပါအဝင် ရာပြည့်အကြိုအဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါအာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် သဒ္ဓမ္မမဏ္ဍိုင်ဆရာတော် ဖုန်း–၀၉–၅၁၃၅၄၇၀၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မာဆွေ ဖုန်း–၂၉၄၃၂၂၊ ဦးကျော်အောင် ဖုန်း–၇၀၃၂၂၀နှင့် ၂၉၅၅၆၊ ဦးလှသိန်း ဖုန်း–၂၉၄၁၁၀၊ လိုင်းခွဲ(၁၀)၊ ဦးကျော်ဝင်း ဖုန်း–၅၇၉၃၁၉၊ ဦးခင်မောင်ဦး၊ ဒေါ်သိန်းသိန်းရင် ဖုန်း–၅၇၂၃၅၂၊ ဦးမောင်မောင်ဇော်ဝင်း ဖုန်း–၅၇၁၁၃၄၊ ဦးသန့်ဇင် ဖုန်း–၆၆၂၈၅၁နှင့် ဒေါ်လှဲလှဲဝင်းဟန် ဖုန်း–၀၉–၅၀–၀၆၈၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနုတို့ ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (အမှတ်–၂ လျှပ်စစ်)

# အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူ

နေပြည်တော် နိုဝင်ဘာ ၆

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များ နာယူကြသည်။**

**နေ့ဆွမ်းကပ်လှူဒါန်း**

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့က ရွှေအင်းရိပ်သာပရိယတ္တိ စာသင်တိုက် ကျောင်းထိုင်ဆရာတော်အား ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကပ်လှူပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များက ကထိန်သင်္ကန်းများကို ကပ်လှူကြပြီး ဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံ၊ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၆

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲတွင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံ၊ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲ၌ ပထမဆုကို ဗိုလ်လောင်းလွင်ဘိုဘိုအောင်၊ တပ်ခွဲ(၆) ဘုရင့်နောင်တပ်ရင်း တပ်မတော်ဆေးတက္ကသိုလ် မင်္ဂလာဒုံကလည်းကောင်း၊ ဒုတိယဆုကို ဦးနေလင်းထွဋ် အနော်ရထာလမ်း မြို့လှပိုင်း(၁၁)ရပ်ကွက် ခရမ်းမြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးလေးနိုင် အမှတ်(၄၈၁) မာဃ(၁၃)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်ကလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို မသန်းသန်းနိုင် အမှတ်(၇၅၄) ဇေယျာလမ်း+ပုလဲကျွန်းလမ်း (၁၈/စီ)ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို ဦးလျှန်ကျင့်မန် ပြည်နယ် ဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ကြီးမြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးဖိုးရွှေကျော် အမှတ်(၁၂) စွန်းလွန်းဂူကျောင်းလမ်း (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်ကလည်းကောင်း၊ ကာတွန်းပြိုင်ပွဲ၌ ပထမဆုကို ဦးဇော်မင်း အမှတ်(၁၂၅)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို ဦးဌေးအောင် အမှတ်(၂၁၂/မြေညီထပ်) သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးရုံး ဗိုလ်တထောင်မြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးရဲလင်းထက်ထူး အမှတ်(၅၆) (၉)လမ်း လမ်းမတော်မြို့နယ်ကလည်းကောင်း၊ ပိုစတာပြိုင်ပွဲ၌ ပထမဆုကို ဦးစည်သူအောင် အမှတ်(၇၅) (၅)လွှာအပေါ်ဆုံးထပ်(ယာ) အရိုးကုန်းလမ်း အရိုးကုန်းရပ်ကွက် တာမွေမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မောင်ဝင်းမြတ်သူ အမှတ်(၈၈၂) မာဃ(၁၀)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်ကလည်းကောင်း၊ တတိယဆုကို မောင်ထက်နိုင်လင်း အမှတ်(၄၅၆) အောက်ပုဇွန်တောင်လမ်း (၅)ရပ်ကွက် ပုဇွန်တောင်မြို့နယ်ကလည်းကောင်း၊ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲ၌ ပထမဆုကို ဦးစည်သူအောင် အမှတ်(၁၇၂/ဃ)အောင်သပြေလမ်း ဇ/မြောက်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မောင်အောင်သူရ အမှတ်(၅) သစ်ချိုပင်လမ်း ကြာနီကန်ရပ်ကွက် ရွှေတောင်မြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးစည်သူအောင် အမှတ်(၁၇၂/ဃ) အောင်သပြေလမ်း ဇ/မြောက်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ကလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲ၌ ပထမဆုကို ဦးစောသိန်းဝင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်းကောင်း၊ ဒုတိယဆုကို ဦးလှထွန်း တိုက်(၄) အခန်း(၂၃) ပန်းလှိုင်အိမ်ရာ ကြည့်မြင်တိုင်မြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးမင်းဇာနည်ဇော် အမှတ်(၄၄၀)ဘုရင့်နောင်လမ်း ၃၉/က ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုကို မဇင်ဝင်းမော် အထက(၃) တောင်ဥက္ကလာပမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မချမ်းမြေ့နှင်း အလက(၃)အလုံမြို့နယ်ကလည်းကောင်း၊ တတိယဆုကို မစုစုဝင်း အထက(၂)လမ်းမတော်မြို့နယ်ကလည်းကောင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ မူလတန်းအဆင့်ပြိုင်ပွဲ၌ ပထမဆုကို မဆုပြည့်ကျော် အမက(၁၄) ဗဟန်းမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မောင်မြတ်မဟော်ကျော် အထက(၁) ဒဂုံမြို့နယ်ကလည်းကောင်း၊ တတိယဆုကို မဆုသဲဖြူ အမက(၄) ကမာရွတ်မြို့နယ်ကလည်းကောင်း၊ အလယ်တန်းအဆင့်ပြိုင်ပွဲ၌ ပထမဆုကို မောင်အေးချမ်းအောင် အလက အလန်းကုန်း သုံးခွမြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မနှင်းနုနုလွင် အလက(၃)ဗဟန်းမြို့နယ်ကလည်းကောင်း၊ တတိယဆုကို မစုလှိုင်ထွန်း အထက(၄) တာမွေမြို့နယ်ကလည်းကောင်း၊ အထက်တန်းအဆင့် ပြိုင်ပွဲ၌ ပထမဆုကို မလွင်မာမြင့် အထက(၁)ပုဇွန်တောင်မြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို မခင်ရွှန်းလဲ့ဦး အထက(၂) သန်လျင်မြို့နယ်ကလည်းကောင်း၊ တတိယဆုကို မစိမ့်သူအောင် အလက(၈) အင်းစိန်မြို့နယ်ကလည်းကောင်း ဆုများ အသီးသီးရရှိခဲ့သည်။

**ဆုချီးမြှင့်သွားမည်**

အဆိုပါ ဆုရရှိသူများအား ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းခရီးစဉ်များ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာ ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဘုရားဖူးခရီးစဉ်၊ ဒေသန္တရလေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ် စသည့် ခရီးစဉ်မျိုးစုံကို အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ် အလိုက်ဖြစ်စေ သက်သာပျော်ရွှင်စွာ သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**စီစဉ်ဆောင်ရွက်ပေး**

ဘုရားဖူးခရီးစဉ်များဖြစ်သည့် ပုဂံဘုရားစုံဖူး၊ ကျိုက်ထီးရိုး၊ ရွှေစက်တော်၊ ဇလွန်ခရီးစဉ်များ၊ ဒေသန္တရလေ့လာရေးခရီးစဉ်များဖြစ်သည့် ရန်ကုန်–မြစ်ကြီးနားခရီးစဉ်၊ ကျိုင်းတုံ–တာချီလိတ်ခရီးစဉ်၊ စစ်တွေ–မြောက်ဦးခရီးစဉ်၊ လားရှိုး–မူဆယ်ခရီးစဉ်၊ တောင်ကြီး–အင်းလေး–ပင်းတယခရီးစဉ်၊ ရန်ကုန်–မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင်ခရီးစဉ်များ၊အပန်းဖြေခရီးစဉ်ဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ငပလီခရီးစဉ်များအတွက် အဆင့်မြင့်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည့်အပြင် ဒေသအလိုက် အဆင့်မီဟိုတယ်များ၌ တည်းခိုနေထိုင်စားသောက်နိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆက်သွယ်စုံစမ်းနိုင်**

အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇–၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉နှင့်၃၇၈၃၇၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အထက(၂)အလုံ ကျောင်းသား ကျောင်းသူဟောင်းများ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အလုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီထိ (၈)မိုင် မြိုင်ပေဝန်ပန်းခြံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ လာရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေများကို လှူဒါန်းလိုပါက ကိုချိုမြင့် ဖုန်း–၂၁၂၃၉၄၊ ကိုတိုင်းကျော် ဖုန်း–၅၀၃၃၇၂၊ မကျင်လှိုင် ဖုန်း–၅၂၄၇၀၅၊ ကိုမြစိုး ဖုန်း–၇၁၀၁၁၄၊ မဖြူဖြူစိန် ဖုန်း–၅၂၆၁၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ–ထိုင်းနယ်စပ်မြို့များတွင် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၆

**ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများနှင့် ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားအသစ်များအတွက် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများကို မြန်မာ–ထိုင်းနယ်စပ်မြို့များဖြစ်သော မြဝတီမြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ယနေ့ နံနက် ၉ နာရီက တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။**

ဆောင်ရွက်ပေးမည်

**ထိုသို့ ဖွင့်လှစ်ရာတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ပြန်လည်လက်ခံရေးစခန်း၌ နယ်မြေတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်ကလည်းကောင်း၊ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်ရှိ ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံး၌ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းကလည်းကောင်း၊ တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးကလည်းကောင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရုံးများမှ ယာယီမြန်မာနိုင်ငံကူးလက်မှတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံတစ်နိုင်ငံတည်းတွင်သာ အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားများအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။**

ထပ်မံပေးပို့

**နိုဝင်ဘာ ၂ ရက်က ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ကြိုတင်ထောက်ခံထားသော ဗန်ကောက်မြို့တစ်ဝိုက်၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား ၈၉၆၁ ဦးအတွက် လျှောက်လွှာများကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပထမဦးဆုံးအကြိမ်အဖြစ် ပေးပို့လိုက်ကြောင်းနှင့် မကြာမီ လျှောက်ထားသူ ၃၀၀၀၀ အတွက် ထောက်ခံချက်များ ထပ်မံပေးပို့မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

**ကော့သောင်းမြို့ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



7-11 (08) 1 11/6/06, 11:56 PM

## ● ကျောဖုံးမှ

အစုအဖွဲ့အဖြစ် ငွေသာဆည်၊ဆားလင်းကြီးဆည်၊ ဖောင်းကတာဆည်များကို တည်ဆောက် ပေးနိုင်ခဲ့သောကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ထိုဒေသများတွင် စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ဖူလုံလျက်ရှိပြီး မိုးကို မျှော်ကိုး၍ သောက်သုံးရေ သောက်သုံးနေရခြင်း၊ ဆားဓာတ်ပါသော ရေများကို သောက်သုံးနေရခြင်းတို့မှ ကင်းဝေးလျက် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကိုပါ အောင်မြင်စွာ စိုက်ပျိုးနိုင်ပေပြီ။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်က ဖောင်းကတာ ရေလှောင်တမံ တည်ဆောက်မှုနှင့် ပတ်သက်၍ ရေဝင်မှု၊ ရေထုတ်လွှတ်မှု၊ရေလက်ကျန်အခြေအနေနှင့် စိုက်ပျိုးရေပေးဝေမှုနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ဤသို့ရှင်းလင်းပြောကြားသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

### အောင်မြင်မှု

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆားလင်းကြီးမြို့နယ်တွင်းရှိ ဆည်အစုအဖွဲ့များ၏ အခြေအနေကို လေ့လာသိရှိရန်အတွက် အောက်တိုဘာ ၈ ရက်တွင် ဆားလင်းကြီးမြို့နယ်သို့သွားရောက်၍ ဖောင်းကတာ၊ ဆားလင်းကြီး၊ ငွေသာဆည်များကို ကွင်းဆင်းလေ့လာခဲ့ကြသည်။ ဖောင်းကတာသို့ ရောက်ရှိစဉ် တည်ဆောက်ရေး(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရီတို့နှင့် တွေ့ဆုံပြီး ဆည်အစုအဖွဲ့၏ အောင်မြင်တိုးတက်မှု အခြေအနေများကို သိရှိခဲ့ရသည်။

### ရေလှောင်ပမာဏ

ဆားလင်းကြီးဆည် အစုအဖွဲ့တွင် ပါဝင်သော ငွေသာ၊ ဆားလင်းကြီး၊ ဖောင်းကတာဆည်များတွင် ရေများ သတ်မှတ်ထားသော ရေလှောင်ပမာဏကို ရောက်ရှိ၍ ပြည့်မီကျော်လွန်နေသည်ကို တွေ့ရှိရသည်။ တည်ဆောက်ရေး(၄) ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးရီတို့အား တွေ့ဆုံမေးမြန်းရာမှ သိရှိရသည်မှာ တည်ဆောက်ပြီးစီးသွားသော ဆည်သုံးခုတွင် ဆည်မဆောက်မီက လုံးဝစပါးစိုက်ခြင်းမရှိခဲ့သော ဧရိယာများဖြစ်ကြသည်။

ငွေသာဆည်တွင် ရိုးလေးမှရေများ စုပ်တင်ပြီး ၁၀ဧကလောက် စိုက်ခဲ့သည်။ ယခုအခါ ယာစိုက်ပျိုးရာမှ လယ် ပြောင်းစိုက်ကြသည်။ ဆားလင်းကြီးမြို့နယ်၏ ဆန်ဖူလုံမှုမှာ ၅ရာခိုင်နှုန်းသာရှိသည်။ ယခုနှစ်မိုးစပါး အချိန်မတိုင်မီ လွန်ခဲ့သည့် နှစ်ကာလမှာ ဆန်ဖူလုံမှု ၂၉ရာခိုင်နှုန်း ရောက်ရှိနေခဲ့ပြီး ယခုနှစ်တွင် တော်တော် တက်လာသည်။ လက်ဝဲဘက်မြောင်းမှ မြေများသည် ဆန်စိုက်ပျိုး၍ ကောင်းသောကြောင့် စပါးစိုက်ကြသည်။

### နွေစပါးစိုက်ပျိုး

မူလက ဆည်သုံးခုတွင် ငွေသာဆည်ဒေသ၌ ရိုးလေးမှရေကိုစုပ်တင်ပြီး စိုက်ရာတွင် ၁၀ဧကစိုက်နိုင်သည်။ ယခု ငွေသာတွင် မိုးစပါးဧက၂၀၀၀၊ ဆားလင်းကြီးတွင် ဧက၆၀၀၊ ဖောင်းကတာတွင် ၅၅၁ဧကမှ ဧက၃၁၀၀ ခန့် စိုက်လာသည်။ ယခင်က စပါးလုံးဝ မစိုက်နိုင်ရာမှတက်လာသည်။ နွေအချိန်ကလည်း ငွေသာဆည် ဒေသမှ ဧက ၃၀၀၊ ဆားလင်းကြီးတွင် ဧက၁၀၀၊ ဖောင်းကတာ၌ ဧက ၁၀၀ စသည်ဖြင့် လျာထားသည်ထက် ကျော်လွန်အောင် စိုက်နိုင်လာပြီဖြစ်သည်။ အားလုံး နွေစပါး ဧက၅၀၀စိုက်နိုင်ပြီဖြစ်သည်။ ယခင်က ဤဒေသတွင် နွေစပါး မစိုက်နိုင်သည့်အပြင် မိုးစပါးကိုပင် မစိုက်နိုင်ကြဘဲ ရှိခဲ့သည်။

ယခုနှစ်တွင် ဆည်သုံးခုမှ ဆည်ရေ အပြည့် ရှိနေသည့်အတွက် မိုးစပါး အောင် ရေကလည်း မိုးကောင်းနေသဖြင့် စိုက်ပျိုးရေအသင့်အတင့်သာပေးရမည် ဖြစ်သဖြင့် မိုးစပါးကာလကုန်လျှင် ဆည်တွင်ကျန်မည့်ရေများမည်ဖြစ်သောကြောင့် နွေစပါး စိုက်ပျိုးရန်အတွက် ယခင်နှစ်က ဧက၅၀၀ စိုက်နိုင်ရာမှာ ဆည်သုံးခုမှရေဖြင့် နွေစပါးဧက အနည်းဆုံး ၁၀၀၀ စိုက်ပျိုးနိုင်သည့် အခြေအနေရှိသည်။

### သောက်သုံးရေ

ဆည်သုံးခု တည်ဆောက်ပြီးစီးသွားခြင်းကြောင့် ယခင်က လက်ယက်ရေတွင်းကလေးများတွင် အငန်ဓာတ်ပါသောရေများ သောက်သုံးနေရခြင်းမှ အငန်ဓာတ်များ လျော့နည်းပပျောက်ပြီဖြစ်သည်။ အထူးသဖြင့် ဆားလင်းကြီးဒေသမှာ အငန်ဓာတ်အများဆုံးဖြစ်နေရာမှ ယခုအခါ ရေများခန်းခြောက်ခြင်း မရှိသည့်အပြင် နွေရာသီမှာပင် သောက်သုံးရေ ရရှိနေပြီဖြစ်သည်။

### ငါးသားပေါက်

ဆားလင်းကြီးမြို့နယ် ဆည်အစုအဖွဲ့သုံးခုသို့ ယခင်နှစ်က စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၏အစီအစဉ်ဖြင့် ငါးများဆည်အတွင်း လွှတ်ပေးခဲ့သည်။ ယခင်နှစ်က နှစ်ကြိမ်ခန့် ငါးသားပေါက်များ လွှတ်ပေးရာ ယခုအခါငါးများတစ်ကောင်တစ်ပိဿာခန့်ရှိနေသည်။ ယခုနှစ်တွင်လည်း ငါးသားပေါက်များလွှတ်ပေးရန် စီစဉ်လျက်ရှိသည်။

ဟိုယခင်အချိန်က ဆားလင်းကြီးမြို့ဈေးတွင် ငါးခြောက်သာရှိခဲ့ရာ ယခုအခါတွင် ဆားလင်းကြီးဈေး၌ ငါးများပေါ်လာပြီဖြစ်သည်။ ရေပေးမြောင်းများ၌ ပုစွန်ဆိတ်များတွေ့ရှိရပြီး ဖောင်းကတာဆည်ဘက်တွင် ပုစွန်တုပ်များကို တွေ့နေရသည်။

မြန်မာ့အလင်းအဖွဲ့သည် ငွေသာ၊ ဆားလင်းကြီး၊ ဖောင်းကတာ ဆည်များတွင် သက်ဆိုင်ရာတည်ဆောက်ရေး(၄)မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်မှူးတို့အား တွေ့ဆုံမေးမြန်းပြီးနောက် ဆည်မှ ပေးသောရေများကို သောက်သုံးနေကြရပြီဖြစ်သော ဒေသခံတောင်သူ အချို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။** ။နာမည် ဘယ်လိုခေါ်ပါသလဲ၊ ဘာလုပ်ကိုင်ပါသလဲ။

**ဖြေ။** ။ဦးတာလို့ ခေါ်ပါတယ်။ ငွေသာကျေးရွာကပါ၊ တောင်သူဖြစ်ပါတယ်။

**မေး။** ။တောင်သူဆိုတော့ ဘာစိုက်ပျိုးပါသလဲ။

**ဖြေ။** ။စပါးစိုက်ပါတယ်၊ သုံးဧကစိုက်ပါတယ်။

**မေး။** ။အရင်တုန်းက ဘာစိုက်သလဲ။

**ဖြေ။** ။စပါးပဲ စိုက်ပါတယ်၊ မိုးကောင်းတဲ့နှစ်ဆိုရင် အောင်မြင်တာပေါ့။ မိုးမကောင်းရင် မအောင်မြင်ဘူးပေါ့။

**မေး။** ။ဘယ်နှသီးစား စိုက်ပါသလဲ။

**ဖြေ။** ။အရင်တုန်းကတော့ တစ်သီးပဲစိုက်ပါတယ်။ အခု တမံကနေ ရေရတော့ နှစ်သီးစိုက်ပါတယ်။ နွေတစ်သီး၊ မိုးတစ်သီး စိုက်ပါတယ်။

**မေး။** ။အခြား ဘာသီးနှံ စိုက်ပါသလဲ။

**ဖြေ။** ။နှမ်းကြီးတို့၊ ပဲစင်းငုံတို့၊ ပဲတီစိမ်းတို့ စိုက်ပါတယ်။

**မေး။** ။စပါးစိုက်တာနှင့် နှမ်း၊ ပဲစိုက်တာ ဘယ်ဟာက အကျိုးရှိပါသလဲ။

**ဖြေ။** ။စပါးစိုက်တာက ပိုအကျိုးရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ရေမရှိတော့ စပါးမအောင်မြင်ဘူး။ အခုနှစ်တော့ ရေရရှိတော့ စပါးစိုက်တာ အောင်မြင်ပါတယ်။ အဲဒီလို စိုက်နိုင်အောင် ဆည်ဆောက်ပေးတဲ့ နိုင်ငံ့အကြီးအကဲများကို ကျေးဇူးတင်ပါတယ်။ ။

**မေး။** ။နာမည် ဘယ်လိုခေါ်ပါသလဲ။

**ဖြေ။** ။ကိုထွန်းသိန်းပါ၊ ငွေသာရွာမှာနေပါတယ်။ စပါး စိုက်ပါတယ်။ ရွှေဘို(၁) စပါးကို စိုက်ပျိုးရေးဌာနက မျိုးယူပြီး စိုက်ပါတယ်။ လေးဧကစိုက်ပါတယ်။

**မေး။** ။အရင်တုန်းက စပါးစိုက်ပါသလား။



**"စပါးစိုက်တာက ပိုအကျိုးရှိပါတယ်၊ မနှစ်က ရေမရှိတော့ စပါးစိုက်တာ မအောင်မြင်လို့ အခုနှစ်တော့ ရေရရှိလို့ စပါးစိုက်တာ အောင်မြင်တဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်"။**

ဒေသခံတောင်သူကြီး ဦးတာ

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

**ဖြေ။** ။အခု ကျွန်တော် စပါးစိုက်တဲ့မြေတွေဟာ စပါးစိုက်တဲ့မြေမဟုတ်ပါ၊ တမံ တည်ဆောက်ပြီးမှ ကျွန်တော်တို့က အရင်တုန်းက စားကျက်မြေတွေကိုပြုပြင်ပြီး စပါးစိုက်ကြတာပါ။

**မေး။** ။ဒီဒေသမှာ သောက်သုံးရေတွေဟာအငန်ဓာတ်ပါတယ်လို့ သိရပါတယ်။ အခုရော ငန်သေးလား။

**ဖြေ။** ။နဂိုတုန်းက စိမ့်ရေသဘောမျိုးထွက်လာတဲ့ရေကိုသောက်သုံးရတာပါ။ တမံပြီးတော့ တမံကပေးတဲ့ရေဟာ မိုးရေဖြစ်နေတော့ ကျွန်တော်တို့က အငန် ဓာတ်ပါတဲ့ ရေကို မသောက်တော့ဘူး။

**မေး။** ။အခု စပါးစိုက်တာ ဘယ်နှသီးစိုက်ပါသလဲ။

**ဖြေ။** ။သုံးသီး စိုက်ပါတယ်။ နွေစပါးပြီးရင် မိုးစပါးစိုက်ပါတယ်။ ဆောင်းသီးနှံအတွက် ကုလားပဲတို့ စိုက်ပါတယ်။ မိသားစုရှစ်ယောက်ရှိပါတယ်။ စပါးအပြင် သီးထပ်များ စိုက်ရလို့ ဝင်ငွေပိုကောင်းလာပါတယ်။ တမံကြီးတွေ တည်ဆောက်ပေးသဖြင့် စားဝတ်နေရေး ပြေလည်ကြတာကြောင့် နိုင်ငံတော်အကြီးအကဲကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်ဟုပြောသည်။

ငင်းနောက် ဆားလင်းကြီး ဆည်ဒေသမှ တောင်သူဦးကြီးတစ်ဦးအား ဆက်လက် မေးမြန်းပါသည်။

**မေး။** ။နာမည် ဘယ်လိုခေါ်ပါသလဲ။ အလုပ်အကိုင်က ဘာလုပ်ပါသလဲ။

**ဖြေ။** ။ခင်မောင်သန်းပါ၊ တောင်သူဖြစ်ပါတယ်။ ဆားလင်းကြီး ဆည် တည်ဆောက်ပြီး ရေပေးတဲ့အတွက် စပါးစိုက်ပါတယ်။ ဆည်မပြီးခင်က ပဲစင်းငုံတို့ ပြောင်းတို့စိုက်ပါတယ်။ လယ်မစိုက်ဖူးပါ။ လယ်စိုက်ရမယ်လို့ မမျှော်မှန်းခဲ့ဖူးပါ။ စပါးသုံးဧက စိုက်ပါတယ်။

**မေး။** ။စပါးမစိုက်ပျိုးဖူးပဲ စိုက်ရတာဆိုတော့ဘယ်လိုလုပ်ပါသလဲ။

**ဖြေ။** ။စိုက်ပျိုးရေးဌာနတို့က အကူအညီပေးပါတယ်။ မြို့နယ်စိုက်ကြပ်အဖွဲ့က ဘယ်လိုစိုက်ရမယ်လို့ ကူညီပြပေးပါတယ်။သူတို့ကူညီတဲ့အတွက် ဖြစ် မြောက်ပါတယ်။ သုံးဧကကို စပါး၂၇၀နှင့် ၂၈၀ ထွက်ပါတယ်။

**မေး။** ။ဘာစပါးမျိုး စိုက်ပါသလဲ။

**ဖြေ။** ။ဆင်းသွယ်လတ် စိုက်ပါတယ်။ နှစ်သီးစိုက်ပါတယ်၊ မိုးစပါးစိုက်ပြီး အခုနွေစပါးစိုက်ထားပါတယ်။အရင်တုန်းက ပဲစင်းငုံတို့စိုက်တုန်းက ရတာ မရတာထား ဝတ္တရားအရလုပ်ရသလိုပဲ အောင်မြင်ဖြစ်ထွန်းမှု နည်းပါးပါတယ်။ အခုတော့ နွေစပါးရော မိုးစပါးပါ အောင်အောင်မြင်မြင် ဖြစ်ထွန်းခဲ့ပါတယ်။ စပါးရိတ်သိမ်းပြီးတော့ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ ရာဂဏန်းတွေမြင်လာရပါပြီ။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆည်မြောင်း တာတမံများ တည်ဆောက်ပေးတဲ့အတွက် နယ်သူ နယ်သားအားလုံး ဆည်ရေကို သုံးရလို့ ယာမြေမှ လယ်မြေဖြစ်လာရတဲ့အတွက် စီးပွားရေးအဆင်ပြေလို့ အားလုံးက ဝမ်းသာ ဂုဏ်ယူလို့မဆုံးကြပါဘူးခင်ဗျား။



**"ကျွန်တော်က သုံးသီးစိုက်ပါတယ်၊ နွေစပါးပြီးရင် မိုးစပါးစိုက်တယ်၊ ဆောင်းသီးနှံအတွက် ကုလားပဲစိုက်ပါတယ်၊ မိသားစုများတော့ စပါးအပြင် သီးထပ်များ စိုက်ရလို့ ဝင်ငွေပိုကောင်းလာပါတယ်"။**

ငွေသာကျေးရွာမှ တောင်သူကြီး ဦးထွန်းသိန်း

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ဆက်လက်၍ ထန်းပုကျေးရွာမှ ဦးငွေမောင်အား တွေ့ဆုံမေးမြန်းပါသည်။

**မေး။** ။တောင်သူကြီး ဦးငွေမောင် ဘာစိုက်ပါသလဲ။

**ဖြေ။** ။စပါး အားထားစိုက်ပါတယ်။ အရင် ဆည်ကြီး မပြီးမီက နှမ်းတို့ ဝါတို့စသည့် ယာသီးနှံစိုက်ပါတယ်။ စပါးကတော့ ဆည်ရေရမှ စပါးစိုက်ပါတယ်။ ယာသီးနှံ မစိုက်တော့ပါ။ စပါး နှစ်ဧကစိုက်ပါတယ်။ မိုးစပါးက စစိုက်ပါတယ်။

**မေး။** ။ဘာစပါးစိုက်ပါသလဲ။

**ဖြေ။** ။MR- 9 ပါ။

**မေး။** ။အရင်က စပါး စိုက်ဖူးသလား။

**ဖြေ။** ။မစိုက်ခဲ့ဖူးပါ၊ မြို့နယ်စိုက်ပျိုးရေးက လမ်းညွှန်ပြပေးပါတယ်။

**မေး။** ။သောက်သုံးရေ ဘယ်ကရပါသလဲ။

**ဖြေ။** ။ဆည်ကြီးကရပါတယ်။ တွင်းတွေက ရေကလဲ အရင်က အတောင် ၃၀တူးရတာ ဆည်ကြီး တည်ဆောက်ပြီးတော့ အတောင် ၂၀ လောက်နှင့်ရလာတယ်၊ အဲဒါဆည်ကြီးရဲ့ အကျိုးကျေးဇူးပါပဲ။



**"ဆည်မရှိခင်တုန်းက နှမ်း၊ ပြောင်း၊ ပဲစင်းငုံ စသော ယာလုပ်ငန်း လုပ်ကိုင်ပြီး ဆည်ရေရရှိလာသည့်အတွက် နွေစပါးစိုက်ပျိုးမှု အောင်မြင်လာပါတယ်"။**

ဖောင်းကတာကျေးရွာမှ တောင်သူကြီးဦးဆန်းမြင့်

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ငင်းနောက် အသင့် ရောက်ရှိနေသော မြေစာရင်းဦးစီးမှူး ဦးကံဝင်းအား မေးမြန်းကြည့်ပါသည်။ ဆားလင်းကြီးမြို့နယ်တွင် တစ်မြို့နယ်လုံး မိုးစပါးစိုက်ဧက ၁၃၄၂၈ဧကရှိသည်။ လျာထားချက်မှာ ၁၄၁၅၀ လျာထားခဲ့ကြောင်း၊ ဆားလင်းကြီးဆည်ဒေသအတွက် လျာထားချက်မှာ ဧက ၆၀၀ ဖြစ်ကြောင်း၊ မိုးစပါးအနေဖြင့် ၆၂၂ဧကပိုမို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ကြပ်များအနေဖြင့် ကွင်းဆင်း၍ ပညာပေးဟောပြောခဲ့ကြောင်း၊ တောင်သူများအနေဖြင့် ယခုမှ စပါး စိုက်ပျိုးကြရတာဖြစ်၍ ကြိုးစားပံ့ပိုးပေးကြရကြောင်း၊ တိုးချဲ့စိုက်ပျိုးနိုင်ရန် ကုန်းမြေများကို စက်မှုလယ်ယာနှင့်ပေါင်းစပ်၍ မြေများညှိပေးခြင်းဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရန် အစီအစဉ်ရှိကြောင်းဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

ငင်းနောက် ကျန်ရှိသော ဖောင်းကတာကျေးရွာရှိ ဖောင်းကတာဆည်မှ တောင်သူများအား တွေ့ဆုံမေးမြန်းပါသည်။

### နည်းပညာ

ရှေးဦးစွာ ဖောင်းကတာကျေးရွာမှ ဦးစန်းမြင့်အား မေးမြန်းရာတွင် ဦးစန်းမြင့်က စပါး၊ ဝါစိုက်ကြောင်း၊ စပါးသုံးဧက၊ ဝါတစ်ဧက စိုက်ကြောင်း၊ ဆည်မရှိစဉ်က နှမ်း၊ ပြောင်း၊ ပဲစင်းငုံ စသော ယာစိုက်ပျိုးကြောင်း၊ စပါးသုံးဧကစိုက်ကြောင်း၊ နွေစပါးနှစ်ဧက၊ မိုးစပါးတစ်ဧကစိုက်ကြောင်း၊ ရေရရှိသဖြင့် နွေစပါးစိုက်ပျိုးမှု အောင်မြင်ကြောင်း၊ စပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးခဲ့ဖူးသူများထံမှ နည်းပညာရယူစိုက်ကြောင်း ပြောပြသည်။

### စိတ်ဝင်စားစွာ

ဆက်လက်၍ ဖောင်းကတာဆည်ရေသောက်ကျေးရွာ စက်ကွင်းရပ်မှ ဦးကျော်မြင့်အား တွေ့ဆုံမေးမြန်းရာ မိမိတို့အနေဖြင့် စပါးကို စိုက်ပျိုးရန် မစဉ်းစားခဲ့ကြောင်း၊ စပါးဘယ်လိုစိုက်ရသည်လည်းမသိရှိမလေ့လာခဲ့ကြောင်း၊ ဆန်ဆိုသည်မှာ အမေချက်ပေးသော ဆန်အိုးထဲက ထွက်လာတာကိုပဲ သိပါကြောင်း၊ ယခုအခါမှ လက်တွေ့စပါးမှ ဆန်ထွက်အောင်စိုက်ပျိုးခြင်းကို သိရှိပြီး အထူးစိတ်ဝင်စားစွာ စိုက်ပျိုးကြောင်း၊ ယခုကဲ့သို့ ယာမြေမှ လယ်မြေသို့ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသော နိုင်ငံတော်၏ ကျေးဇူးမှာ ကြီးမားလှပါကြောင်းဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။ ။

**(မြန်မာ့အလင်း)**



**အောက်တိုဘာ ၂၈ရက်က အကြိမ် (၂၀) မြောက် မင်္ဂလာဈေး မိသားစု မဟာဘုံကထိန်ပွဲတော်ကိုဗဟန်းကြား တော ရလမ်းရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ကထိန် ကော်မတီ ဥက္ကဋ္ဌ ဦး ဝင်း မြင့် နှင့် အမှုဆောင်များက ရွှေပေါက်ကံမြို့သစ် မော်ကျွန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကဝိန္ဒာစာရထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှတာဝန်ယူ၍ ဆားလင်းကြီးတမံ၏ မြောက်ဘက် ၂၁သမ၅မိုင်ခန့် အကွာရှိ ဖောင်းကတာချောင်းကို ပိတ်၍ တမံအမြင့် ၇၅ပေ၊ တမံအလျား ပေ ၄၃၇၀ရှိ မြေသားတမံအမျိုးအစား ဖောင်းကတာရေလှောင်တမံ တည်ဆောက်ပြီးစီးမှုနှင့် ရေသိုလှောင်ထားရှိမှုမြင်ကွင်း။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



# မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ကုန်သွယ်မှုသတင်းဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ ကုန်သွယ်မှုသတင်းဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ၁ရက် နံနက်၉နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝိပဿနာစေတီတော်ကြီး အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး ပုံတော်တူ ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် ဆဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၂ရက် နံနက်၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**



## လှူဖွယ်ပစ္စည်းများဆက်ကပ်

**(၂၂)ကြိမ်မြောက် ကမ်းနားဈေး စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၃ရက်က အင်းစိန်မြို့နယ် ညောင်ပင်သာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်တွင်ပြုလုပ်ရာ ဈေးသာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဘုံကထိန်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေး၊ အတွင်းရေးမှူးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့်ကော်မတီဝင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြစဉ်။** (က-ပ)



**'ဝ'ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်မှ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်ရှိ ပြည်နယ်ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုဌာန ကရင်ပြည်နယ်လုံးဆိုင်ရာ ပရဟိတကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနရိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ကုမ္ပဏီဒါရိုက်တာ ရန်ကုန်ရုံးစီးပွားရေးတာဝန်ခံဦးကျန်ကြူ(ခ) Mr. Kနှင့်ဇနီးဒေါ်ရီရီလွင်မိသားစုတို့က ငွေကျပ်သိန်း၂၀ကို ကျောင်းသာသနာပြု လုပ်ငန်းများအတွက် ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## စလင်းမြို့အထက်တန်းကျောင်းနှင့်အလယ်တန်းကျောင်း ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၆**

စလင်းမြို့အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲကို စလင်းမြို့ မြတ်ရတနာဓမ္မာရုံကြီး၌ နိုဝင်ဘာ ၂၉ရက် မွန်းလွဲ၂နာရီတွင်ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများ အနေဖြင့် စလင်းမြို့တွင် ဦးစောအောင်သန်း ဖုန်း-၀၆၃-၄၂၀၆၆၊ ဦးသန်းနိုင် ဖုန်း-၀၆၃-၄၂၁၆၆၊ ဦးကိုကိုဝင်း ဖုန်း-၀၆၃-၄၂၁၈၆၊ မကွေးမြို့တွင် ဦးစောဝင်း ဖုန်း-၀၆၃-၂၃၀၃၉၊ ဦးတင်အောင် ဖုန်း-၀၆၃-၂၃၁၁၃၊ မန္တလေးမြို့တွင် ဦးဟန်ညွန့် ဖုန်း-၀၂- ၃၅၁၆၉၊ ဒေါ်ခင်အေးမူ ဖုန်း-၀၂- ၅၄၂၄၀နှင့် ၀၂-၅၃၃၈၅၊ ရန်ကုန်မြို့တွင် ဦးစန်းညိုအောင် ဖုန်း-၀၁- ၆၈၁၂၃၀နှင့် ၀၁-၆၈၁၀၄၄၊ ဦးစိုးညွန့် ဖုန်း-၀၁-၅၄၉၃၉၈၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁၁၇၂၉၉၊ နေပြည်တော်တွင် ဦးခင်မောင်သန်း ဖုန်း-၀၆၇-၄၁၄၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မူကြိုဆရာအတတ်ပညာရေးသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန မူကြို ဆရာအတတ်ပညာရေး သင်တန်း ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော မူကြိုဆရာအတတ်ပညာရေးသင်တန်းအပတ်စဉ်(၁၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါ ဦးစီးဌာနရုပ်ရှင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ လူတိုင်းအတွက် ပညာရေးနိုင်ငံ အဆင့်ညှိနှိုင်းရေးမှူး ဦးတင်ညို၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က အမှာ စကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ပို့ချမည်**

အဆိုပါ သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် မူကြိုပညာရေး နည်းပညာ သင်ရိုးများနှင့်အညီ ယနေ့မှစ၍ နိုဝင်ဘာ ၂၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ တတိယအကြိမ်အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ ၁၉၆၆-၇၂ ပညာသင်နှစ်များတွင် သင်တန်း တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို လာမည့် ဒီဇင်ဘာ၂၄ရက် (တနင်္ဂနွေနေ့)၌ မော်လမြိုင်ပညာရေးကောလိပ် မော်လမြိုင်မြို့တွင် ကျင်းပမည်ဖြစ်သည်။

မော်လမြိုင် ခရီးစဉ်သို့ လိုက်ပါကြမည့် ကျောင်းသားကျောင်းသူများနှင့် အလှူငွေလှူဒါန်းလိုသူများသည် ဦးစိန်မြင့်(ပန်းတောင်း)ဖုန်း-၅၃၅၂၂၅၊ ဦးစိုးမြင့်(လေးမျက်နှာ) ဖုန်း-၂၄၀၀၉၇၊ ဦးသိန်းထွန်း(မော်ဘီ) ဖုန်း-၆၂၀၇၁၉၊ ဒေါ်ခင်စန်းဝင်း(မင်းလှ)ဖုန်း၃၇၆၇၁၀၊ ဒေါ်သန်းငွေ (ကျောက်တန်း)ဖုန်း-၆၆၁၉၆၇၊ ဒေါ်ခင်သန်းအေး (မုဒုံ) ဖုန်း-၆၅၃၃၀၆၊ ဒေါ်ရှုကြည်(မြိတ်) ဖုန်း-၂၁၀၅၄၀၊ ဦးထွန်းရီ(ပြည်နယ်ပညာရေးမှူး၊ မွန်ပြည်နယ်)၊ ဦးခင်မောင်ဦး(မြို့နယ်ပညာရေးမှူး၊သံဖြူဇရပ်)၊ ဦးဘချစ် (ကျောင်းအုပ်ကြီး၊ အထက-ဇာသပြင်၊ ကရင်ပြည်နယ်) နှင့် ဒေါ်မိမိသန်းကြည်၊ ဒေါ်ဟန်ရွှေ (လက်ထောက်ကထိက၊ မော်လမြိုင်ပညာရေးကောလိပ်)တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**



**ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် (၁၆) ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲ စုပေါင်းမဟာဘုံကထိန် အလှူပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို (တန်ဆောင်မုန်းလပြည့်နေ့)က ကျင်းပရာ ကျပ်သိန်း ၁၅၀ ကျော်တန်ဖိုးရှိ ပဒေသာပင်များကို ဘုန်းတော်ကြီးကျောင်း ၁၇ကျောင်းသို့ လှူဒါန်းရန် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ လှည့်လည်လာကြစဉ်။** (က-ပ)

## မီးသတ်ဦးစီးဌာန စက်ပြင်သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ စက်ပြင်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကိုကိုလှိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ စက်ပြင်သင်တန်းအမှတ်စဉ်(၁၃)ကိုနိုဝင်ဘာ ၆ရက်မှ ဒီဇင်ဘာ ၁၅ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၃၀ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တွင် လူထုဆန္ဒပြုလွှာလက်မှတ်ရေးထိုးရေး စည်းရုံးလှုပ်ရှားခဲ့သော်လည်း လက်မှတ်ရေးထိုးမည့်သူမရှိ ကလေးမြို့နယ်တွင်လည်း အမည်တု၊ လက်မှတ်အတုများဖြင့် လိမ်လည်စာရင်းရေးသွင်းခဲ့ကြောင်းသိရ

**နေပြည်တော် နိုဝင်ဘာ ၆**

လူထုဆန္ဒပြုလွှာလက်မှတ်များကို လိမ်လည်စာရင်းရေးသွင်းခြင်း၊ မလိမ့်တပတ် လက်မှတ်ရေးထိုးစေခြင်းများ ပြုလုပ်နေမှုနှင့်စပ်လျဉ်း၍ မြို့နယ်အချို့တွင် ဖော်ထုတ်သိရှိရသဖြင့် သတင်းများထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

**လက်မှတ်ရေးထိုး**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင်လည်း ဇီးကုန်းတောင်ကျေးရွာအုပ်စု လက်ဆည်ကျေးရွာမှ ကန့်ဘလူမြို့နယ် NLD အမှုဆောင်ဟောင်း ဦးကောင်းထွန်းဆိုသူသည် အောက်တိုဘာ ၁၇ရက် နံနက် ၁၁နာရီတွင် ဇီးကုန်းကျေးရွာသို့သွားရောက်၍ လူထုဆန္ဒပြုလွှာ လက်မှတ်များရေးထိုးရေး စည်းရုံးလှုပ်ရှားခဲ့ကြောင်း၊ ရွာသူရွာသားများက "၈၈" မျိုးဆက်ကျောင်းသားအုပ်စုဝင်များကို နိုင်ငံတော်က လိုအပ်ချက်အရ ခေါ်ယူတွေ့ဆုံမေးမြန်းနေသည်ဟု သတင်းများဖတ်ရှုသိရှိရပြီးဖြစ်၍ လက်မှတ်ရေးထိုးတောင်းဆိုရန်မလိုကြောင်း ငြင်းဆိုပြီး လက်မှတ်ရေးထိုးကြခြင်း မရှိခဲ့ကြောင်း။

အလားတူ ကလေးမြို့နယ် NLDဥက္ကဋ္ဌ ဦးကာထံသို့ ကလေးမြို့ NLDပါတီဝင် ၁၀ ဦးမှ လက်မှတ်ရေးထိုးသူ ၁၉၅၀ရှိသည်ဟု စာရင်းပြအပ်နှံခဲ့သော်လည်း ဖြစ်စဉ်အမှန်မှာ NLD ပါတီဝင်များက လူထုဆန္ဒပြုလွှာ လက်မှတ်များရရှိရေး ပြည်သူလူထုအတွင်း လိုက်လံစည်းရုံးခဲ့ကြောင်း၊ သို့ရာတွင် ပြည်သူများက လက်မှတ်ရေးထိုးပေးခဲ့ခြင်းမရှိသဖြင့် ၎င်းတို့က ၎င်းတို့၏မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများနှင့် အခြားအမည်များကို လိမ်လည်စာရင်းရေးသွင်းပြီး လက်မှတ်အတုများ ရေးထိုးခဲ့ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

**လောင်စာတွေကိုရှင်း**
**မီးဘေး**
**အန္တရာယ်ကင်း**

## ၁၉၇၄-၇၉ခုနှစ် ဥပဒေတွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ နိုဝင်ဘာ၁၁ရက်၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

၁၉၇၄-၇၉ခုနှစ် ဥပဒေပညာ သင်ကြားခဲ့ကြသောတွဲ့ရ ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၁၂ရက်အစား နိုဝင်ဘာ၁၁ရက် (စနေနေ့) ညနေ၅နာရီတွင် ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Tower(၁၀)လွှာရှိ Jade Hall Restaurant ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ အဋ္ဌမအကြိမ် မိသားစုဘုံကထိန်သင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၂၉ရက်က တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဒေဝကုန္တဒီကျောင်းတိုက်၌ ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ဇနီး ဒေါ်နီနီစိန် မိသားစုတို့က ကထိန်လျာဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

## အမျိုးသားညီလာခံဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၆

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ပေါင်းမြက် ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွှန့် ခေါင်းဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဆွေနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အောက်တိုဘာ ၂၁ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၁၁၉နေ ဦးပွင့်ကောင်းအား ရည်စူး၍ ဇနီး အဂ္ဂမဟာသီရိ သုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ၊ သား ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာဆိုင်တို့က အမှတ်၁၆ သာသနာ့ ရိပ်သာလမ်း မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ ဗဟန်းမြို့နယ်သို့ ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့်အမှုဆောင်များက လက်ခံရယူစဉ်။** (က–ပ)

### ■ ရှေ့ဖုံးမှ

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအနက် ပညာသင်ဆု ရရှိကြသော ကျောင်းသားကျောင်းသူ ၁၁ဦး၊ ၂၀၀၄ ခုနှစ်တွင် ပညာသင်ဆုရရှိကြသော ကျောင်းသားကျောင်းသူ ၁၀ဦးနှင့် ၂၀၀၅ ခုနှစ်တွင် ပညာသင်ဆုရရှိကြသော ကျောင်းသားကျောင်းသူ၁၁ဦးတို့အား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်ရာ ပညာသင်ဆုရကျောင်းသားကျောင်းသူများကိုယ်စား သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မဇာဇာဝင်း၊ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မသန္တာလင်း၊ လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မွေခမ်းဟွမ်တို့က အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ဝိဇ္ဇာဘာသာတွဲတတိယရရှိသူ လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထိန်နန်နှင့် ဆဋ္ဌမရရှိသူ နမ့်ဖတ်ကာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ မခါးရာတို့အား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် အကောင်းဆုံးမြို့နယ်များ ဖြစ်သည့် မိုးမိတ်မြို့နယ်၊ လားရှိုးမြို့နယ်နှင့် နောင်ချိုမြို့နယ်၊ အောင်ချက် အကောင်းဆုံးကျောင်းများ ဖြစ်ကြသည့် မိုးမိတ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ မန်ကျည်းပင်၊ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် လားရှိုးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့အား တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးမြထွတ်က ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း။

#### ဝိုင်းဝန်းပြုစုပျိုးထောင်

နိုင်ငံတော်က အားထားရသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံပညာကျောင်းအသီးသီးရှိ ဆရာ ဆရာမများက သင်ထောက်ကူပစ္စည်းများကို ထိထိရောက်ရောက် အသုံးပြုပြီး စေတနာပါပါဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

#### ဝမ်းမြောက်ဂုဏ်ယူ

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံးတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အဆင့်(၁)မှ(၁၀) အတွင်း ဝိဇ္ဇာဘာသာတွဲဖြင့် တတိယဆုနှင့် ဆဋ္ဌမဆုများ ပါဝင်ဆွတ်ခူးနိုင်ခဲ့ခြင်းတို့အပြင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၂၀တို့ ထူးချွန်စွာ အောင်ပန်းဆွတ်ခူးနိုင်ခဲ့ကြ၍ ပြည်နယ်အနေနှင့်ရော ဒေသခံတိုင်းရင်းသား ပြည်သူများကပါ ဝမ်းမြောက် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်း အနေဖြင့် ၁၉ ဒသမ ဝ၃ရာခိုင်နှုန်းရှိပြီး မြို့နယ်အနေဖြင့် အောင်ချက်နှုန်း ၂၆ဒသမ၀၇ရာခိုင်နှုန်းဖြင့် မိုးမိတ်မြို့နယ်က ပြည်နယ်အတွင်း အောင်ချက် အကောင်းဆုံးဆု၊ ကျောင်းအနေဖြင့် မိုးမိတ်မြို့နယ်မှပင် မန်ကျည်းပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲက အောင်ချက်နှုန်း ၆၇ ဒသမ ၁၄ ရာခိုင်နှုန်းဖြင့် ပထမဆု ရရှိသည်ကို တွေ့ရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

#### ဝိုင်းဝန်းကြိုးပမ်း

ကမ္ဘာပေါ်တွင် ဘက်စုံပညာရည် ထူးချွန်ထက်မြက် တတ်ကျွမ်းသော အသိပညာရှင် အတတ်ပညာရှင်များ ကြွယ်ဝသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအဖြစ် အချိန်တိုတိုဖြင့် ရောက်ရှိတက်လှမ်းနိုင်ကြသည်ဖြစ်ရာ အမိမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ဒေသခံ မိဘပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဆုရကျောင်းသားကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာမာန်ဆူရှမ်းကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် မန္တလေး မဟာမုနိပုံတူ နီးဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မာန်ဆူရှမ်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပုညာနန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၂၃) အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်နှင့် အေးရှားဝေါလ်ကုမ္ပဏီမှ ဦးတင်ကိုကိုတို့က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည်များကိုရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

#### အဆင့်တိုးမြှင့်နိုင်ရေး

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းဝင်းခြံစည်းရိုး အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် တွဲဖက်အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**



**ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ကထိန်သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၂ရက်က ကျောင်းခန်းမတွင် ကျင်းပရာ မြောင်းမြကျောင်းတိုက် ဆရာတော်နှင့်သံဃာတော်များအား ကျောင်းအုပ်ဆရာကြီးဦးတင်မောင်ထွန်းနှင့် ဆရာ ဆရာမများက ကထိန်သင်္ကန်း၊ ငွေပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှုနှစ်မှု စီရင်ချက်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၆

တရားရုံးချုပ်(မန္တလေး) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့်ဦးချစ်လွင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက်၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု နှစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကိုလည်း ကြားနာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံအတွက် အကျိုးပြုအသုံးချနိုင်မည့် စိုက်ပျိုးမှုနည်းပညာများ ဆည်းပူးလေ့လာ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ စောင့်ထိန်း

ရန်ကုန် နိုဝင်ဘာ ၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၃၀ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနမှ အစ္စရေးနိုင်ငံသို့ သင်တန်းတက်ရောက်ပြီး လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် သင်တန်းသားများအား တွေ့ဆုံသည်။

#### တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ အစ္စရေးနိုင်ငံ အာရာဗာဒေသနှင့် ဂရက်နော့ဒေသများသို့ သွားရောက်ကြမည့် သင်တန်းသား၈၀ တက်ရောက်ကြသည်။

#### ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးက မိမိနိုင်ငံအတွက် အကျိုးပြုအသုံးချဆောင်ရွက်နိုင်မည့် စိုက်ပျိုးမှုနည်းပညာရပ်များကို ဆည်းပူးလေ့လာပြီး ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာ စောင့်ထိန်းလိုက်နာပြီး စည်းကမ်းရှိစွာနေထိုင်ရေး၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကိုယ်တိုင်သိရှိခံစားရသူများဖြစ်ကြ၍ မိမိနှင့် ဆက်စပ်ပတ်သက်သော ပတ်ဝန်းကျင်ကို အခြေအနေမှန်အား ရှင်းလင်းပြောကြားနိုင်ရေးတို့ကို မှာကြားပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

## ရဟန်းတော်များ ဆရာဖြစ်သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၆

ပ–သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ (၁၄)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်းကို ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)မှ စ၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ပ–သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်ဖြစ်သည်။ အနည်းဆုံး ပထမကြီးတန်းနှင့် အဆင့်မီ သင်ကြားဖူးသော ရဟန်းတော်များထံမှ သင်တန်းလျှောက်လွှာကို နိုဝင်ဘာ ၁၂ရက်မှ ဒီဇင်ဘာ ၆ရက်အထိ နောက်ဆုံးထားလျှောက်ထားကြရန်နှင့် ဖုန်း–၃၇၇၇၃၁ နှင့် ၃၇၈၁၃၂ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြောက်ဥက္ကလာပ အမက(၁၂) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၆

မြောက်ဥက္ကလာပမြို့နယ် (ဓ)ရပ်ကွက် အမှတ်(၁၂) အခြေခံပညာ မူလတန်းကျောင်း၏ ၁၉၆၀–၈၀ ပညာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရောက် အပူဇော်ခံ ဆရာ ဆရာမကြီးများသည် ဒီဇင်ဘာ ၃၀ရက် နောက်ဆုံးထားဆက်သွယ်ကြရန်နှင့် အလှူငွေများကို ရှင်သြဘာသ (မြတ်မင်္ဂလာကျောင်း)ဖုန်း–၆၉၀၄၉၉၊ ဒေါက်တာမြင့်မြင့်အေး (အာရုံဦးဆေးခန်း) ဖုန်း–၆၉၉၈၉၆၊ ဦးအေးလွင် ဖုန်း–၆၉၀၂၈၄နှင့် ဦးဝင်းနိုင် ဖုန်း–၆၉၀၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**တန်ဆောင်မုန်း လပြည့်နေ့က သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး၌ကျင်းပသော သာမညဖလအခါတော်နေ့ အခမ်းအနားတွင် အလှည့်ကျ သဘာပတိ ဦးစောကြိုင်က သာမညဖလ အခါတော်နေ့အကြောင်း ဓမ္မပူဇာ မင်္ဂလာထောမနာစကား မြွက်ကြားစဉ်။**

(က–ပ)

# ကမ္ဘာတစ်လွှား အားကစား

## အီတလီစီးရီးအေ အင်တာမီလန် ဦးဆောင် အေစီမီလန်အသင်း အတ္တလန်တာကိုရှုံးနိမ့်

မီလန် နိုဝင်ဘာ ၆

ရေးသားတင်ပြသူ
မြင့်မောင်စိုး

**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀) ပြိုင်ပွဲများကို နိုဝင်ဘာ၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တန်းစီဇယားကို ထိပ်ဆုံးမှဦးဆောင်နေသော အင်တာမီလန်အသင်းက အိမ်ကွင်း၌ အက်စ်ကိုလီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးနေရာကို ဆက်လက်စိုးမိုးထားသည်။**

အင်တာမီလန် အသင်းသည် အိမ်ကွင်းပီပီ အက်စ်ကိုလီ အသင်းကို ဖိကစားနိုင်ခဲ့သည်။ သို့သော်လည်း ပထမပိုင်းပွဲချိန်မိနစ် ၄၀အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ကြပေ။

အင်တာမီလန် ကွင်းလယ်ကစားသမား ဖြစ်ကြသည့် ဗီယာရာ၊ စတန်ကိုဗစ်နှင့် တိုက်စစ်မှူး ခရက်စပိုနှင့် အီဘရာဟင် မိုဗစ်တို့ တိုက်စစ်အတွဲသည် အက်စ်ကိုလီ နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သည်။

ပွဲချိန် ၄၁ မိနစ်တွင် ဇနက်တီက အင်တာမီလန်အသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်စပြီး မကြာမီမှာပင် အက်စ်ကိုလီအသင်းမှ ကူဒီနီက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ အင်တာမီလန်တို့အချောင်တစ်ဂိုးထပ်မံရခဲ့ပြန်သည်။

သို့သော်လည်း ပွဲချိန် ၆၄ မိနစ်တွင် အက်စ်ကိုလီတို့ ပယ်နယ်တီကန်ခွင့်ရသည်။ ယင်းပယ်နယ်တီကို ဖီနီကန်သွင်းရာ လွဲချော်သွားခဲ့သည်။

အင်တာမီလန်အသင်းသည် စီးရီးအေ ၁၀ပွဲကစားအပြီး ခုနစ်ပွဲနိုင်၊သုံးပွဲသရေဖြင့်၂၄မှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံးနေရာကို ဆက်လက်ဦးဆောင်နေသည်။

### ပါလာမို-ဆမ်ဒိုးရီးယား

ပါလာမိုအသင်းသည်လည်း အင်တာ မီလန်အသင်းနည်းတူ အိမ်ကွင်း၌ ဆမ်ဒိုးရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးနေရာကို ဒုတိယနေရာမှ ဦးဆောင်လျက် ရှိသည်။

ပါလာမိုအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် ကိုရင်နီက ဖွေဆော်ဦးဂိုးစသွင်းနိုင်ခဲ့သည်။ ပွဲပြီးရန် မိနစ်၂၀အလိုတွင် ဇက်ကာဒိုက ဒုတိယမြောက်ဂိုးအဖြစ် သွင်းယူပေးခဲ့သည်။ ဆမ်ဒိုးရီးယားမှ တာလစ်ဇီသည် ပွဲပြီးရန်သုံးမိနစ်အလိုတွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ဆမ်ဒိုးရီးယားတို့ တစ်ယောက်လျော့သွားခဲ့၍ ချေပဂိုးသွင်းရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ အဆုံး၌ နှစ်ဂိုး-ဂိုးမရှိ ဖြင့် ပါလာမိုတို့ အောင်ပွဲဆင်ခဲ့သည်။ ပါလာမိုအသင်းသည်

**အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီ (ယာ)၏ ထိုးဖောက်မှုကို အတ္တလန်တာ ကွင်းလယ် ကစားသမား ပင်နိုက ဤသို့ ဟန့်တားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)



စီးရီးအေ ၁၀ပွဲ ကစားရာတွင် ရှစ်ပွဲနိုင်ထားပြီး အင်တာမီလန်အသင်းနှင့်အတူ အမှတ်တူရရှိထားသည်။ သို့သော်လည်း အင်တာမီလန်က ဂိုးကွာခြားချက်ဖြင့် ပထမနေရာမှ ဦးဆောင်နေသည်။

### အတ္တလန်တာ-အေစီမီလန်

နာမည်ကြီး အေစီမီလန်အသင်းသည် အတ္တလန်တာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အေစီမီလန်အသင်းသည် စီးရီးအေတွင် လုပ်ပွဲများ ကစားခဲ့၍ အရေးယူခဲ့ရပြီးနောက် ကစားကွက်များပျက်ပြီး အောင်မြင်မှု မရဘဲ ဖြစ်နေသည်။

ယခုနှစ်ရာသီတွင် အေစီမီလန်တို့ ၁၀ပွဲကစားရာတွင် လေးပွဲသာ အနိုင်ကစားနိုင်ခဲ့သည်။ ပြစ်ဒဏ်ကြောင့် ရမှတ်များ အလျှော့ခံထားရ၍လည်း အေစီမီလန်တို့ နံပါတ် ၁၅နေရာတွင် သာရှိနေသည်။ ။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| လီဗော်နို | ၁ - ၀ | အူဒီးနိစ် |
| ချီယေဗို | ၀ - ၀ | ကက်ဂလီယာရီ |
| အမ်ပိုလီ | ၁ - ၁ | လာဇီယို |
| တိုရီနို | ၁ - ၁ | မက်ဆီနာ။ |

(အင်တာနက်)

**ပါလာမိုမှ အမာရီ (ဝဲ) ၏ ထိုးဖောက် ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)



## စပိန်လာလီဂါပွဲစဉ်များ ဆက်လက်ကစား နာမည်ကြီးရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ရှုံးပွဲကြုံ

မက်ဒရစ် နိုဝင်ဘာ ၆

**စပိန်လာလီဂါဘောလုံးပွဲစဉ်များဆက်လက်ကစားလျက်ရှိရာ ပွဲစဉ်(၉)ကို နိုဝင်ဘာ၅ရက်က ကျင်းပရာတွင် နာမည်ကြီး ရီးရဲမက်ဒရစ်က ဆဲလ်တာဗီဂိုကိုအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး ဖြင့်ရှုံးနိမ့်ပြီး အက်စ်ပန်ညိုနှင့် ဗလင်စီယာတို့လည်း သရေပွဲဖြစ်ကာ အက်ဖ်စီဆီဗီလာက အိုဆာဆူနာကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။**



စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

**ဟန့်တား**

**ရီးရဲမက်ဒရစ်နှင့် ဆဲလ်တာဗီဂိုတို့ ပွဲတွင် ရီးရဲမက်ဒရစ်မှ ဟယ်ဂွေရာ (ယာ) ဘောလုံးဟန့်တားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

### ရီးရဲမက်ဒရစ်နှင့် ဆဲလ်တာဗီဂို

ပုံမှန်ခြေစွမ်းမပြနိုင်ဘဲဖြစ်နေသည့် ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ပင် ရှုံးပွဲကြုံခဲ့ရပြန်သည်။ ရာအူးလ်၊ ရိုနယ်ဒိုနှင့် ရော်ဘင်ဟိုတို့တိုက်စစ်အတွဲဖြင့်ပွဲထုတ်ခဲ့သော ရီးရဲမက်ဒရစ်သည် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အခွင့်အရေးများရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမသေချာမှုကြောင့် ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။

### ဖွေဆော်ဦးဂိုးရရှိ

ဧည့်သည် ဆဲလ်တာဗီဂို ကွင်းလယ်ကစားသမား ကာဗယ်ဟိုက ပွဲချိန် ၃၆မိနစ်တွင်း အဖွင့်ဂိုးသွင်းယူပေးလိုက်သဖြင့် ဖွေဆော်ဦးဂိုးကို ဆဲလ်တာဗီဂိုတို့ ရရှိသွားသည်။ အိမ်ကွင်း၌ အဖွင့်ဂိုးပေးခဲ့ရသဖြင့် ရီးရဲမက်ဒရစ်တို့ တိုက်စစ်အားတင်ခဲ့ရာမှ ပထမပိုင်းပွဲချိန် ၄၃ မိနစ်၌ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား အီမာဆင်က ချေပဂိုးသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတစ်ဂိုးစီဖြစ်နေသည်။

### ရှုံးနိမ့်ခဲ့ရ

အနိုင်ဂိုး ဆက်တိုက်သွင်းယူနိုင်ရေး ရိုနယ်ဒိုအစား ဒေးဗစ်ဘက်ဟမ်း၊ ရော်ဘင်ဟိုအစား နစ္စတယ်ရွိုင်းကိုထည့်သွင်းကစားခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သည့်အပြင် ပွဲချိန် ၈၂မိနစ်၌ ဆဲလ်တာဗီဂိုမှ ဂျောဂီက တစ်ဂိုးသွင်း

**အက်စ်ပန်ညို နှင့် ဗလင်စီယာတို့ ပွဲတွင် ဗလင်စီယာမှ မီဂွယ်အင်ဂယ် အင်ဂူလို (ဝဲ) နှင့် အက်စ် ပန်ညိုမှ အိုင်ဗင်ဒီလာပီနာ တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)



ယူလိုက်သဖြင့် ရီးရဲမက်ဒရစ်တို့အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်တို့ ယခုပွဲရှုံးခဲ့သဖြင့် တန်းစီဇယားအဆင့် လေးနေရာ၌ ရှိနေသည်။

### အက်ဖ်စီဆီဗီလာနှင့် အိုဆာဆူနာ

ခြေစွမ်းပြနိုင်ပွဲရနေသော အက်ဖ်စီဆီဗီလာတို့ အိမ်ကွင်း၌ သရေပွဲမရှိ၊ ရှုံးပွဲမရှိ စံချိန်ကိုဆက်လက်ထိန်းသိမ်းလိုက်နိုင်ပြန်ပြီဖြစ်သည်။ အိမ်ကွင်း၌ အက်ဖ်စီဆီဗီလာတိုက်စစ်မှူး ကနူတေးနှင့် ဂွန်ဇာလက်တို့က မနားတမ်းထိုးဖောက်ကစားမှုကြောင့် ပွဲချိန်မိနစ် ၅၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် တိုက်စစ်မှူးကနူတေးကတစ်ဂိုး၊ ပွဲချိန်၈၈မိနစ်တွင် အက်ဒရီယာနိုက တစ်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

### စိုးမိုးထား

ယခုပွဲ အနိုင်ရရှိခဲ့သဖြင့်အက်ဖ်စီဆီဗီလာသည် ကိုးပွဲကစား၊ခုနစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် တန်းစီဇယားထိပ်ဆုံးနေရာကို စိုးမိုးထားပြီဖြစ်သည်။ အိုဆာဆူနာမှာ တန်းစီဇယား အဆင့် ၁၆နေရာ၌ ရှိနေသည်။

### အက်စ်ပန်ညိုနှင့် ဗလင်စီယာ

အိမ်ကွင်း၌ ရလဒ်ကောင်းသော်လည်း အဝေးကွင်း၌ ခြေညံ့နေတတ်သော ဗလင်စီယာတို့ အက်စ်ပန်ညိုကို အဝေးကွင်းတွင် သရေပွဲဖြစ်အောင်ကြိုးစားကစားခဲ့ရသည်။ အိမ်ရှင် အက်စ်ပန်ညိုတို့က အနိုင်ရလိုစိတ်ပြင်းပြင်းဖြင့် တွန်းတွန်းတိုက်တိုက်ကစားခဲ့မှုကြောင့် ပွဲချိန် ၂၃မိနစ်တွင် အက်စ်ပန်ညိုကွင်းလယ်ကစားသမား အယ်ဘတ်ရီအဲရာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

### ပြန်သွင်းပေးခဲ့

ဗလင်စီယာအတွက် ချေပဂိုးကို ပွဲချိန်၄၃မိနစ်၌ ဒေးဗစ်ဆီလ်ဗားက ပြန်သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဗလင်စီယာသည် ယခုသရေပွဲ ဖြစ်ခဲ့သဖြင့် တန်းစီဇယား၌ အဆင့်ငါးနေရာ၌ရှိပြီး အက်စ်ပန်ညိုက အဆင့် ၁၅၌ရှိနေသည်။ ။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဘီလ်ဘာအို | ၀ - ၀ | ရေးဆင်း |
| ဗီလာရီးရဲ | ၃ - ၂ | ရီးရဲဘက်တစ် |
| ရီးရဲဇာရာဂိုဇာ | ၃ - ၁ | ဂီတာဖေး။ |

(အင်တာနက်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါကစ္စတန် တပ်မတော်ဘောလုံးအသင်းခေါင်းဆောင် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



**ရန်ကုန်　နိုဝင်ဘာ　၆**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံ တပ်မတော်ဘောလုံးအသင်းခေါင်းဆောင် Brigadier General, Muhammad Naseem Khan ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**စာမျက်နှာ ၇ ကော်လံ ၆** ❒

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်မြို့ လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသည့် မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ တပ်မတော် ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ပါကစ္စတန်တပ်မတော်ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှုအားပေး

**ရန်ကုန်　နိုဝင်ဘာ　၆**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ မိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။





ချစ်ကြည်ရေးဘောလုံးပွဲ မစတင်မီ နှစ်နိုင်ငံ ဘောလုံးအသင်းများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူကြပြီး တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ရာပြည့်နှင့် ပါကစ္စတန် တပ်မတော် ဘောလုံးအသင်း ခေါင်းဆောင် Brigadier General, Muhammad Naseem Khan တို့က နှစ်နိုင်ငံ ဘောလုံးအသင်းတို့အား တစ်ဦးချင်းလိုက်လံ နှုတ်ဆက်ကြသည်။

**ယှဉ်ပြိုင်ကစား**

ဆက်လက်၍ နှစ်နိုင်ငံဘောလုံးအသင်း အားကစားသမားများအား မြန်မာအမျိုးသမီးငယ်များက ပန်းစည်းများ ပေးအပ်ကြ၍ နှစ်နိုင်ငံဘောလုံးအသင်းများက အမှတ်တရ လက်ဆောင်များ လဲလှယ်ပြီး မြန်မာ့တပ်မတော် ဘောလုံးအသင်းနှင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရေကိုမျှော်ကိုး၍ စိုက်ပျိုးနေရသော ဆားလင်းကြီးမြို့နယ် ငွေသာရေလှောင်တမံရေဖြင့် ယာမြေမှ လယ်မြေသို့ပြောင်းလဲ

## နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ပြီ

**ကွင်းဆင်းရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန်　နိုဝင်ဘာ　၆**

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်သည် မိုးရွာသွန်းမှုနည်းပါးပြီး ပျမ်းမျှမိုးရေချိန်တစ်နှစ်ပတ်လုံး လက်မ၃၀ခန့်သာ ရွာသွန်းသဖြင့် ပူပြင်းခြောက်သွေ့သည့် မြို့နယ်တစ်ခုဖြစ်သည်။ ယခင်ကာလက မိုးရေကိုသာ မျှော်ကိုး၍ စိုက်ပျိုးရေးအတွက် မှီခိုအားထားစိုက်ပျိုးရခြင်း၊ ဒေသအတွင်း သောက်သုံးရေမလုံလောက်ခြင်းတို့ ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သီးနှံအထွက်တိုးစေရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရေသယံဇာတများကို ထိရောက်စွာ အသုံးချရေးအတွက် ဆားလင်းကြီးမြို့နယ်အတွင်း ဆားလင်းကြီးဆည်

**စာမျက်နှာ ၉ ကော်လံ ၁** ●



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ယူ၍ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာ၏ အနောက်ဘက်တွင်ရှိသည့် ငွေသာချောင်းကိုပိတ်၍ တမံအမြင့် ၅၈ ပေ၊ တမံ အလျား ပေ ၅၂၈၀နှင့် မြေသားတမံအမျိုးအစား ငွေသာရေလှောင်တမံ တည်ဆောက်ပြီးစီးမှု မြင်ကွင်းနှင့် ရေသိုလှောင်ထားရှိမှုမြင်ကွင်းကို အောက်တိုဘာလဆန်းပိုင်းက ဤသို့တွေ့ခဲ့ရသည်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)